မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၁၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ဧရာဝတီမြစ်ရေ ကြီးမှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး ရေဘေးသင့်မိသားစုများအား တွေ့ဆုံအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၁၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁ ရက် နံနက် ၈ နာရီခွဲတွင် ဧရာဝတီမြစ်ရေတိုးဝင်နေမှု အခြေအနေများအား ၂၂ လမ်းနှင့် ကမ်းနားလမ်းဆုံရှာ ကျွဲစွန်းဆိပ်ကမ်းမှ ဧရာဝတီမြစ်ဘေးရှိ ကမ်းနားလမ်းအတိုင်း ဘောဂဆိပ်သို့လည်းကောင်း၊ ၎င်းမှ ချော်ဆိပ်သို့လည်းကောင်း၊ ၎င်းမှ ရှမ်းကလေးကျွန်းသို့လည်းကောင်း မြစ်ကမ်းဘေးတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ပြည်ကြီးတံခွန်မြို့နယ် နံ့သာကုန်းရပ်ကွက်အနီး ကားလမ်း ရေလွှမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖြည့်စွက်တင်ပြ

ဆက်လက်၍ တိုင်းမှူးသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရှမ်းကလေးကျွန်းအနီးရှိ ရေဆိုးထုတ်စက်ရုံ အမှတ်(၂)မှ ရေဆိုးများအား စက်ယန္တရားကြီးများဖြင့် ရေဆိုးထုတ်မြောင်းမှ တစ်ဆင့် ရေများထုတ်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးရာ

စာမျက်နှာ ၁၁ ကော်လံ ၁ ✡

ရေးမြို့၌ စိုးရိမ်ရေမှတ်နီးပါး မြင့်တက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဩဂုတ် ၁၀ ရက်တွင် ရေးမြို့၏ စိုးရိမ်ရေမှတ်နီးပါး ရေမြင့်တက်လျက်ရှိကြောင်း၊ ရေးမြို့ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော ခနိတော၊ ရန်မျိုးအောင်၊ အောင်မင်္ဂလာ၊ အောင်မေတ္တာ(၂)၊ အောင်သုခရပ်ကွက်များအတွင်းရှိ ရေဘေးသင့်သူများအား ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင် နေရာချထားပေးလျက်ရှိကြောင်း၊ ချောင်းတောင်ကျေးရွာ နန်းဦးကျောင်းတိုက်၌ အိမ်ထောင်စု ၂၆ စု၊ အခြေခံပညာ မူလတန်းကျောင်းတွင် ငါးစု၊ ရန်မျိုးအောင်ရပ်ကွက် အားကစားရုံ၌ ၁၈ စု၊ စကားတောင်ဘုရားတွင် ၃၁ စု၊ ရွာကလေးကျေးရွာ ဘုန်းကြီးကျောင်းတွင် ၅၁ စု စသည်ဖြင့် နေရာချထားပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ပဈေးကွက်တွင် ဈေးကောင်းပြီး အာမခံချက်ရှိသော နှစ်ရှည်ပင် သီဟိုဠ်သရက်စိုက်ပျိုး ပြည့်အကျိုး ဆတိုးဆောင်ရွက် စီးပွားတက်

ကွင်းဆင်းလေ့လာရေးသားသူ–သန်းသန်းနုနှင့် တင်မာဝင်း၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၁

မျက်မှောက်ကာလတွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းပိုင်ခြံများတွင် တစ်ကွင်းတစ်စပ်တည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြရာတွင် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်အရ မြေလွတ်မြေလပ်များတွင် လျှောက်ထားရယူ၍ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ကြရာဝယ် ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ ကြယ်နီသီဟိုဠ်သရက်ခြံနှင့် စပ်လျဉ်း၍ လုပ်ငန်းပိုင်ရှင်ဦးခင်မောင်ဝင်းနှင့် လုပ်ငန်းတာဝန်ခံ ဦးဝင်းရွှေတို့အား မြန်မာ့အလင်းသတင်းအဖွဲ့ မကြာမီက သွားရောက်၍ တွေ့ဆုံမေးမြန်းခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ကြယ်နီသီဟိုဠ်ခြံ စိုက်ခင်းကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ခုနှစ်၊ ဩဂုတ် ၁၂ ရက်)

အနုပညာကိုယ်ခံစွမ်းအားများ ပိုမိုဖြစ်ထွန်းစေရေး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ခြိမ့်ခြိမ့်သဲဆင်နွှဲ

နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပပေးခြင်းဖြင့် မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ဆက်လက်ထွန်းကား ပြန့်ပွားလာမည်ဖြစ်သည်။ လူငယ်ထုအတွင်း မြန်မာ့ယဉ်ကျေးမှုအနုပညာများ ပိုမိုရှင်သန်လာစေမည် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အစဉ်အလာများ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် တိုင်းရင်းသားလူမျိုးတိုင်းက ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပေသည်။

၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲတွင် ပါဝင်နေကျ အနုပညာပြိုင်ပွဲများအပြင် ပြဇာတ်၊ ကွက်စိပ်နှင့် ရတုပြိုင်ပွဲများကိုပါ ထူးခြားစွာ ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

ယခုအခါ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်မည့်သူများသည် ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်နေကြပြီ ဖြစ်သည်။ ကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီ အသီးသီးတို့ကလည်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အမျိုးသားရေး စရိုက်လက္ခဏာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ရောက်ရှိရေး၊ ရိုးရာယဉ်ကျေးမှု အသွင်အပြင်နှင့် အနုပညာကိုယ်ခံစွမ်းအားများ ပိုမိုဖြစ်ထွန်းစေရေးတို့အတွက် ပြိုင်ပွဲဝင် အနုပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ ပြည်နယ်၊ တိုင်း ကိုယ်စားလှယ်များနှင့် ကော်မတီအသီးသီးတို့မှ ပူးပေါင်းဆောင်ရွက်လျက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲ တစ်ခဲနက် ဆင်နွှဲသွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာဆီယံဖွဲ့စည်းတည်ထောင်ခြင်း အနှစ်(၄၀)ပြည့်မြောက်နှင့် မြန်မာနိုင်ငံ အာဆီယံသို့ဝင်ရောက်သည့် (၁၀)နှစ်မြောက်အထိမ်းအမှတ် ပြပွဲဖွင့်

ရန်ကုန် ဩဂုတ် ၁၁

အာဆီယံဖွဲ့စည်းတည်ထောင်ခြင်း အနှစ်(၄၀)ပြည့်မြောက်နှင့် မြန်မာနိုင်ငံ အာဆီယံသို့ဝင်ရောက်သည့် (၁၀)နှစ်မြောက်အထိမ်းအမှတ် One ASEAN at the Heart of Dynamic Asia (တစ်ခုတည်းသော အာဆီယံ၊ ရှင်သန်လှုပ်ရှား၊ အာရှနှလုံးသား)ပြပွဲ ဖွင့်ပွဲနှင့် ASEAN- Japan Kindness Art Competitionမှ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်တို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီဝင်များ၊ အာဆီယံ အနှစ်(၄၀)ပြည့်မြောက် အထိမ်းအမှတ် ပြပွဲကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားရေးသံရုံးများမှ သံအမတ်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် ဆွေးနွေးဖက် သုံးနိုင်ငံမှ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသူကျောင်းသားလေးများက အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အလံများကို ကိုင်ဆောင်ဝေ့ယမ်း၍ ASEAN WE are ONE သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီ ဥက္ကဋ္ဌ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီး နှုတ်ခွန်းဆက် အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားတို့က ASEAN-Japan Kindness Art Competitionမှ ဆုရရှိကြသော ကျောင်းသားကျောင်းသူလေးများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ဆက်လက်၍ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ် ဦးတင်စိုးက အကဲဖြတ်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဆုရရှိကြသူများ ကိုယ်စား ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူလေး မဖူးသဉ္ဇာနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် Treasures of National Museum in Myanmar DVD ကို ဖွင့်လှစ်ပြသသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးညဏ်ဝင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် သံအမတ်ကြီးများသည် ပြပွဲတွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး**(အပေါ်ပုံ)** ပြပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်လက်မှတ် ရေးထိုးကြသည်။

အဆိုပါပြပွဲကို ယနေ့မှ ဩဂုတ် ၁၆ ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း ဆက်လက်ပြသသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၂-၈-၂၀၀၇
(တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	လက္ခဏာယသံဝရ တရားတော် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)
၇း၄၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)၊ ဖိုးသောကြာ (ခေတ်+မိုး)]
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	တိမ်တောင်ရစ်ဝေဆိုင်း၊ ကြည်နူးပီတိလှိုင်း၊ လျှမြဲဝါဆိုတိုင်း
၉း၀၅	နိုင်ငံတကာ အနုပညာရေးရာ
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၅	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	အံ့ဖွယ်ထူးခြား မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား (ဇလွန်မြို့)
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ငှက်မျိုးစုံစွာ ပျော်စရာကမ္ဘာ (အပိုင်း-၁)
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅	ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ (ခန့်စည်သူ၊ဖြိုးငွေစိုး၊ မင်းရာဇာ၊ ပုလဲဝင်း၊ သဇင်၊ ဖူးစုံ) [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	လူအများ ပြောနေကျ အရိုးကျီးပေါင်းတက်ရောဂါ (ပါမောက္ခ ဒေါက်တာချစ်စိုး)
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀	Movie Mistakes (Spider -Man)
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီ မှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီ မှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2007-2008 English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၂၄	Arsenal-Fulham	Star Sports (Live)
၆း၅၅	Chelsea-Birmingham	ESPN (Live)
၉း၁၅	Man U-Reading	ESPN (Live)

မြဝတီ ရုပ်မြင်သံကြား

၁၂-၈-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သူငယ်ချင်းတွေအဖြစ်**
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၃၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၃၅	၅။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့် ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၁။	လျှပ်တစ်ပြက်
၆း၄၅	၁၂။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၇း၀၀	၁၃။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၂၁)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၂၃)

သဘာဝဝန်းကျင်များ ပျက်စီးယိုယွင်းမှု ကမ္ဘာကြီးပူနွေးလာ ဖန်လုံအိမ်အာနိသင်ကြောင့် ရာသီဥတုပြောင်းလဲပြီး ရောဂါသစ်များဖြစ်ပွား မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

(၅)ကြိမ်မြောက် ဝန်ကြီးအဆင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲကို ဩဂုတ် ၆ရက် နံနက်၁၀နာရီက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Dr. Mongkol Na Songkhla တို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကား ပြောကြားရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ သည် နယ်စပ်ရှည်လျားစွာ ဆက်စပ်နေကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ မြင့်တင်ဆောင်ရွက်ရာမှာ လူများ ကူးသန်းသွားလာမှု၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ တင်ပို့ရောင်းချမှုတို့နှင့်အတူ ကျန်းမာရေး ပြဿနာများလည်း ယှဉ်တွဲ၍ ပါလာကြောင်း၊ နှစ်နိုင်ငံ ကြုံတွေ့နေ ရသော ကျန်းမာရေးပြဿနာများသည် ရေမြေသဘာဝ အခြေအနေများကြောင့် တူညီကြကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်း၍ ကူးစက်ရောဂါ ထောက်လှမ်းမှုများ၊ တုံ့ပြန်ဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံ ကျန်းမာရေးပြဿနာများ အတွက် လိုအပ်သော စွမ်းဆောင်ရည်များကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ အစာနှင့် ဆေးဝါးများကို စားသုံးသူများ အန္တရာယ် ကင်းရှင်းရေး အတွက် ဥပဒေများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းဆေးများ၏ အစွမ်းထက် ထိရောက်မှု ဘေးထွက်ဆိုးကျိုးများကိုလည်း လေ့လာဆောင်ရွက်လျက်ရှိကြောင်း၊ ကူးစက်ရောဂါ ဖြစ်ပွားမှုများ၊ ဆေးဝါးအတုများနှင့် အရည်အသွေး မပြည့်မီသော ဆေးဝါး များ တင်သွင်းရောင်းချမှုဆိုင်ရာကိစ္စ များနှင့် မသန့်ရှင်းသော အစားအစာ များ တင်သွင်းရောင်းချမှုဆိုင်ရာ ကိစ္စ များအား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထိုင်းနိုင်ငံ ပြည်သူ့ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး Dr. Mongkol Na Songkhla က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော ထိုင်းနိုင်ငံအတွင်း ဝမ်းလျှော၊ ဝမ်းပျက်ဖြစ်ပွားမှုအပါအဝင် ဆေးဝါးအတုများကိစ္စ၊ အစားအစာ များ အန္တရာယ်ကင်းရှင်းစေရေးနှင့် တိုင်းရင်းဆေးအခန်းကဏ္ဍတို့နှင့် ပတ်သက်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကျန်းမာရေးလုပ်ငန်း စီမံချက်ကို ရေးဆွဲပြီး အကောင်အထည်ဖော်သွားရန်လိုကြောင်း တင်ပြသွားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ နှစ်နိုင်ငံမှ အစည်း အဝေးတက်ရောက်လာသည့် တာဝန်ရှိသူများက နှစ်နိုင်ငံ ကူးစက်ရောဂါများ ဖြစ်ပွားလာပါက သတင်းအချက် အလက်များ အချိန်မီ ဖလှယ်ရေး၊ ပူးပေါင်းကာကွယ်နှိမ်နင်းရေး၊ ခုခံကျ/ကာလသားရောဂါ၊ တီဘီနှင့် ငှက်ဖျား ရောဂါ နှိမ်နင်းရေးလုပ်ငန်းများကို ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး၊ အစားအစာများ အန္တရာယ် ကင်းရှင်းရေးနှင့် ဆေးဝါးအတုများ၊ စံချိန်မပြည့်မီသော ဆေးဝါးများ တင်သွင်းရောင်းချမှု ပြဿနာများကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းရင်းဆေးနှင့်ပတ်သက်၍ သင်တန်းများ၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူ့ကျန်းမာရေး အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေး၊ အစားအစာများအန္တရာယ် ကင်းရှင်းစေရေးအတွက် ဓာတ်ခွဲခန်း များ အရည်အသွေးမြှင့်တင်ရေးနှင့် Mobile Laboratory များ အသုံး ပြုရေးဆိုင်ရာ ကိစ္စများအား ဆွေးနွေး တင်ပြကြသည်။

ထို့နောက် ထိုင်းနိုင်ငံ ပြည်သူ့ ကျန်းမာရေးဝန်ကြီးဌာနမှ ဆွေးနွေးရာတွင် မြန်မာနိုင်ငံ နယ်စပ် မြဝတီခရိုင်နှင့် ဆက်စပ်လျက်ရှိသော ထိုင်းနိုင်ငံ တပ်ခ်ခရိုင်အတွင်း ဝမ်းရောဂါများ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံဘက်၌လည်း မေလအတွင်းက ဖြစ်ပွားမှုများရှိသည်ဟု ကြားသိရကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်း၍ ဝမ်းရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ လိုအပ်သော ဆေးဝါးပစ္စည်း ကိရိယာများလည်း အကူအညီပေးလိုကြောင်းဖြင့် ဆွေးနွေးပြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က မြဝတီမြို့နယ်အတွင်း ဝမ်းရောဂါ ဖြစ်ပွားခဲ့ကြောင်း၊ ယခုအခါ ရောဂါ နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း၊ ရောဂါထပ်မံ ဖြစ်ပွားမှုများမရှိတော့ကြောင်း၊ ဆက်လက်၍လည်း စုံစမ်းထောက်လှမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နှစ်နိုင်ငံပူးပေါင်း၍ ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လေ့လာ

ဩဂုတ် ၇ရက်တွင် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် နခေါန် ပတ်သွမ်ဒေသ (Nakhornpathom Province)ရှိ Rairhing ကျေးလက် ကျန်းမာရေးဌာနသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အခြေအနေများကို လေ့လာခဲ့သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက် မြို့ရှိ Plaza Athenee Hotel တွင် ၂၀၀၇ ခုနှစ် ဩဂုတ်၈ရက်မှ ၉ရက် အထိ ကျင်းပသည့် အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများနှင့် ဝန်ကြီးများအဆင့် ပတ်ဝန်းကျင်နှင့် ကျန်းမာရေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အရှေ့တောင်အာရှနှင့် အရှေ့ အာရှ ဒေသဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ၂၀၀၇ ခုနှစ် ဩဂုတ် ၈ရက်က Plaza Athenee Hotel အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖွင့်ပွဲ အခမ်းအနားသို့ အာရှပစိဖိတ်ဒေသ ဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အာရှပစိဖိတ် ဒေသ ဆိုင်ရာ UNEP ညွှန်ကြားရေးမှူးတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် အရှေ့တောင်အာရှနှင့် အာရှ ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့် အရာရှိကြီးများက ပတ်ဝန်းကျင် ကျန်းမာရေး ဆိုင်ရာလုပ်ငန်းများ နိုင်ငံအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့ဆက် လက်အကောင်အထည်ဖော်ဆောင်ရွက် မည့်လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေး ကြသည်။

တက်ရောက်ဖွင့်လှစ်

အစည်းအဝေး ဒုတိယနေ့ ဩဂုတ် ၉ရက်က အရှေ့တောင်အာရှနှင့် အရှေ့ အာရှဒေသဆိုင်ရာ ဝန်ကြီးများအဆင့် ပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဘန် ကောက်မြို့ရှိ Plaza Athenee Hotel ၌ကျင်းပရာ ထိုင်းဘုရင့်သမီးတော် Princess Chulabhorn တက်ရောက် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပတ်ဝန်း ကျင်နှင့် ကျန်းမာရေးဆိုင်ရာ ထိန်းသိမ်း ဆောင်ရွက်ထားရှိမှု ဗီဒီယိုပြသပြီး ပတ်ဝန်းကျင်နှင့် ကျန်းမာရေး နှီးနွှယ်မှု ဆိုင်ရာဆွေးနွေးပွဲကို ကျင်းပရာ မြန်မာ နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ထောင်စုနှစ် ရည်မှန်းချက်ရှစ်ခုတွင် ငါးခုသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျန်းမာ ရေးလုပ်ငန်းများ ဆက်စပ်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ရည်မှန်းချက် အတိုင်း ၂၀၁၅ ခုနှစ်တွင် ရည်မှန်းချက် များ ပြည့်မီရန် ဆောင်ရွက်လျက်ရှိ ကြောင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းမှုကြောင့် ကမ္ဘာကြီး ပူနွေးလာမှု၊ အယ်လ်နီညို၊ လာနီညာ တို့ဖြစ်ပွားလာမှုတို့ကို သတိပြုရမည် ဖြစ်ကြောင်း၊ ကူးစက်ရောဂါများလည်း ဖြစ်ပွားမှုများပြားလာကြောင်း၊ ယခုနှစ် တွင် ကမ္ဘာကြီး ပိုမိုပူနွေးလာမှုကြောင့် ခြင်များ ပေါက်ပွားမှုများလာ၍ ဒေသ တွင်း နိုင်ငံများတွင် သွေးလွန်တုပ်ကွေး ရောဂါ ဖြစ်ပွားမှုများပြားလာပြီး ရောဂါ ပိုမိုပြင်းထန်လာသည်ကို တွေ့ရှိရ ကြောင်း၊ ခရမ်းလွန်ရောင်ခြည်များလာ မှုကြောင့် ကင်ဆာရောဂါများ ရရှိနိုင် ကြောင်း၊ ဖန်လုံအိမ်အာနိသင်ကြောင့် ရာသီဥတုအခြေအနေများ ပြောင်းလဲ လာပြီး ဆားစ်၊ ကြက်ငှက်တုပ်ကွေး စသော ရောဂါအသစ်များ ဖြစ်ပေါ် လာကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂသဘောတူ ဆုံးဖြတ်ချက် (Agenda 21)နှင့်အညီ ပတ်ဝန်းကျင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း များကို ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တက်ရောက်လာ သောနိုင်ငံအသီးသီးမှ ဝန်ကြီးများက နိုင်ငံအလိုက် နိုင်ငံကိုယ်စားပြု စာတမ်း များကိုတင်ပြကြရာ ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ၂၁ ရာစုနှစ်တွင် တွေ့ကြုံနေရသော ပတ်ဝန်းကျင်နှင့် ကျန်းမာရေး ဆက်စပ် နေသော စိန်ခေါ်မှုများ ကမ္ဘာကြီးပူနွေး လာမှု၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက် လာမှု၊ ကူးစက်ရောဂါများနှင့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်လာမှု များနှင့်အတူ မြန်မာနိုင်ငံအနေဖြင့် The Rio Earth Summit(1992) Agenda 21 အရ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ရေး ဆောင်ရွက်နေမှု၊ Johannesburg Plan(2002)အရ ပြည်သူတို့၏ ကျန်း မာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်နေမှု၊ အခြားနိုင်ငံ များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ဆွေးနွေးတင်ပြရာတွင် လေထု၊ ရေထု ညစ်ညမ်းမှုကို ထိန်းချုပ်ဆောင်ရွက် နေမှုများ၊ အမှိုက်နှင့် ဓာတုပစ္စည်းများ အန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်း များ၊ စွန့်ပစ်ရန်ဆောင်ရွက်နေမှု၊ ရာသီ ဥတု ဖောက် ပြန်ခြင်းနှင့် အိုဇုန်းလွှာ လျော့နည်းလာခြင်းအပေါ် သစ်တော များ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ပတ်ဝန်းကျင်စနစ် ပျက်စီးယိုယွင်း လာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ကြက်၊ ငှက်တုပ်ကွေးရောဂါအပါအဝင် အခြား ကူးစက်ရောဂါများ ဖြစ်ပွားလာ ပါက အရေးပေါ် ဆောင်ရွက်နိုင်ရန် ပြင်ဆင်စီမံထားရှိမှုများကို တင်ပြခဲ့ပြီး ယခုအစည်းအဝေးတွင် အတည်ပြုရန် တင်ပြမည့် ဒေသဆိုင်ရာပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပဋိညာဉ်ကို ကြိုဆိုပါကြောင်း ပြောကြား သည်။

ဆွေးနွေးအတည်ပြု

ဆက်လက်၍ တက်ရောက်လာ ကြသော နိုင်ငံအသီးသီးမှ ဝန်ကြီး များက ဒေသဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပဋိညာဉ်ကို ဆွေးနွေးအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ကြပြီး အစည်းအဝေးကို ညနေ၅နာရီတွင် ရုပ်သိမ်းသည်။

အစည်းအဝေးသို့ အရှေ့တောင် အာရှနှင့် အရှေ့အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ အင်ဒိုနီးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ လာအို၊ မွန်ဂိုလီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အတူ ထိုင်း နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးရဲဝင်း၊ သစ်တော ရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိ သူများ တက်ရောက်ခဲ့ကြသည်။

ကြိုဆိုနှုတ်ဆက်

ထိုင်းနိုင်ငံတွင် ကျင်းပသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကျန်းမာရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး နှင့် ဒေသအတွင်း၊ နိုင်ငံများအတွင်း ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက် ရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည် ရောက်ရှိလာရာ ဟိုတယ်နှင့် ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ကျန်းမာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦး၊ ဒေါက်တာပိုင်စိုး၊ ကျန်းမာရေး ဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာန ဆိုင်ရာ အကြီးအကဲများက နေပြည် တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် (၅)ကြိမ်မြောက် ဝန်ကြီးအဆင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်မှု ဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးစဉ်။ (ကျန်းမာရေး)

မြန်မာ့အလင်း အင်တာနက် ဟောင်ပိတ်သတင်း

တိုဂိုနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား ကြက်ငှက် ၈၀၀၀ ခန့် သုတ်သင်ခဲ့ရ

လိုမီ ဩဂုတ် ၁၁

အာဖရိကအနောက်ပိုင်း တိုဂိုနိုင်ငံမြို့တော် လိုမီ၏အရှေ့ပိုင်း လက်စ်ဂိုလ်မီနှင့် ဇီယိုဒေသများရှိ မွေးမြူရေးခြံများမှ ကြက်ငှက်အသေများတွင် ကြက်ငှက်တုပ်ကွေး H_5N_1ဗိုင်းရပ်စ်ကို တွေ့ရှိခဲ့ကြောင်း ဩဂုတ် ၁၁ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကြောင့် ကြက်ငှက် ၈၀၀၀ခန့်ကို သုတ်သင် ပြီး သားငါးဈေးများကို ပိတ်ခဲ့ရကြောင်း၊ တိုဂိုအာဏာပိုင်များကလည်း ကြက်ငှက်တင်သွင်းမှု ထိန်းချုပ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။



ဟာဝိုင်ယီကျွန်းတောင်ဘက်ပင်လယ်ပြင် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်သွား

အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းတောင်ဘက်ပင်လယ်ပြင်တွင် ဩဂုတ် ၁၀ ရက်က ဟာရီကိန်းမုန်တိုင်းတစ်ခု တိုက်ခတ်သွားရာ အမြင့်ရှစ်ပေမှ ၁၂ ပေအထိရှိသော ပင်လယ်လှိုင်းကြီးများဖြစ်ပေါ်ခဲ့ကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။ (အပေါ်ပုံ)

သက်စုံရွယ်ညီ တစ်ဦးစီ သုံးပင်စိုက်ရေး စည်းရုံးပေး

မြန်မာ့မြေဟာ မြေဆီလွှာဩဇာကောင်းမွန်၍ သစ်တောကြီးများနှင့် စိမ်းစိမ်းညို့ညို့ ပြည့်ဖြိုးဝေဆာလျက်ရှိပြီး သဘာဝအလှေ့ကျပန်း၊ လူတို့စိုက်ပျိုးသောပန်းမျိုးစုံ ဖူးငုံပွင့်၍ ရနံ့သင်းပျံ့ ထုံမွှမ်းလျက်ရှိပါတယ်။

ယနေ့ကမ္ဘာတစ်ခွင်ကို လေ့လာလိုက်ပါက လူတွေအတွက် အကျိုးပြုနေတဲ့ တောကြီးတွေ၊ သစ်ပင်၊ ဝါးပင်၊ သစ်တော၊ ဝါးတောစသည့် တောများဟာ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးပျက်စီးလျော့ပါးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီသစ်ပင်၊ ဝါးပင်၊ သစ်တောတွေ ပြုန်းတီးပျက်စီး လျော့ပါးကုန်တဲ့အတွက် ရာသီဥတု မမျှမတဖြစ်ကြရတာတွေ၊ မြေဆီမြေဩဇာ ခန်းခြောက်ပျောက်ကွယ်ကြရတာတွေ၊ မြစ်ချောင်းရေလျှံပြီး ရေလွှမ်းမိုးခြင်း ခံကြရတာတွေ၊ သဲကန္တာရဖြစ်လာကြရတာတွေ စတဲ့ဘေးဆိုးဒဏ်ဆိုးတွေ ပေါ်ပေါက်လာပါတယ်။

ဒီဘေးဆိုးဒဏ်ဆိုးတွေကို သိမြင်လာကြတဲ့ နိုင်ငံတကာ သိပ္ပံပညာရှင်ကြီးတွေဟာ နည်းလမ်းအမျိုးမျိုး ရှာကြံပြီး အားထုတ်ဆောင်ရွက်ခဲ့ကြပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကဆိုရင် အဲဒီကိစ္စတွေအတွက် "သစ်ပင်တွေစိုက်ကြပါ"လို့ စဉ်ဆက်မပြတ်ကြွေးကြော်ပေးခဲ့ပါတယ်။ အဲဒါကြောင့် "ကမ္ဘာ့သစ်ပင်ပွဲတော်" "World Festival of Treesday"ကို နှစ်စဉ် ဇွန်လ ၂၇ရက်နေ့ကို သတ်မှတ်ပေးခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ သစ်ပင်စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေကို ကမ္ဘာအနှံ့စေလွှတ်ပြီး ဆောင်ရွက်စေခဲ့ပါတယ်။

မြန်မာနိုင်ငံဟာလည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သလို "ကမ္ဘာ့သစ်ပင်များပွဲတော်" အခမ်းအနား ကို ၁၉၅၄ခုနှစ် ဇွန်လ ၂၇ရက်နေ့မှာ ပထမဆုံးအကြိမ်အဖြစ် စည်ကားစွာ ကျင်းပခဲ့ပါတယ်။

ခေတ်မီလိုလျှင် သစ်ပင်စိုက်ပါ

ကမ္ဘာတစ်ဝန်းမှာ "ကမ္ဘာ့သစ်ပင်ပွဲတော်"များ ကျင်းပပြီး လှုပ်ရှားလာမှုကြောင့် နိုင်ငံအသီးသီးမှာ အမြော်အမြင်ရှိသော နိုင်ငံခေါင်းဆောင်များက ဦးဆောင်စည်းရုံးပြီး သစ်ပင်များစိုက်ပျိုးခဲ့ကြပါတယ်။ သဲအတိဖြစ်တဲ့ အစ္စရေးနိုင်ငံမှာဆိုရင် သစ်တောတွေ ပြန်လည်ဖြစ်ထွန်းလာရေးအတွက် သင့်တော်တဲ့သစ်ပင်တွေကို နည်းမျိုးစုံနဲ့ ပြန်စိုက်ကြပါတယ်။ အိန္ဒိယနိုင်ငံမှာဆိုရင်လည်း အချို့သဲကန္တာရထဲမှာတောင် သစ်တောတွေပြန်ဖြစ်လာအောင် အားထုတ်ခဲ့ကြပါတယ်။ တရုတ်နိုင်ငံမှာဆိုရင်လည်း မြောက်ဘက်တစ်လွှား ဂိုဘီသဲကန္တာရကြီးကို တားဆီးလိုတဲ့အတွက် သစ်ပင်သစ်တောတွေကို ပြန်စိုက်ပျိုးနေကြပါပြီ။ သို့ဖြစ်၍"ခေတ်မီလိုလျှင် သစ်ပင်စိုက်" ကြပါလို့ နှိုးဆော်လိုက်ပါတယ်။

ငွေပင်ငွေရင်း-မြှုပ်နှံခြင်း(ရွှေအိုး-မြှုပ်စီမံကိန်း)

သီးစားပင်၊ ရွက်စားပင်၊ ပရဆေးပင်စတဲ့ အပင်တွေကို ကိုယ့်ဝင်းကိုယ့်ခြံအတွင်းမှာ အခါကာလအလျောက် အခြေအနေပေးသလောက် သင့်တော်တာကိုရွေးပြီး စိုက်ပျိုးကြည့်ဖို့ လိုလာပါတယ်။ အဲဒီသီးစားပင်၊ ရွက်စားပင်(ဟင်းသီး ဟင်းရွက်)အပင်တွေကို စိုက်ပျိုးပါက လက်ငင်းချက်ချင်းဆိုသလို ဈေးဖိုးသက်သာလာမယ့် အကျိုးကိုခံစားရမှာ ဖြစ်ပါတယ်။ မြန်မာစကားပုံအရ "အိမ်နောက်ဖေး ဈေးဆိုင်တည်" နိုင်ငံအိမ်ထောင်တစ်ခု၏ အသုံးစရိတ်ကိုချွေတာသက်သာရာ ရောက်စေပါတယ်။ ရှေးလူကြီးတွေ ဆုံးမတဲ့စကား "ချမ်းသာမယ်"လို့ ပြောခြင်းဟာ အိမ်ထောင်စု တစ်ခု ဝင်ငွေထွက်ငွေကို မျှတအောင်၊ တစ်နည်း ထွက်ငွေနည်းသွားအောင် အကြံပြုခြင်း ဖြစ်ပါတယ်။ ထွက်ငွေနည်းတော့ စုငွေ(အပိုငွေ)ရလာလို့ ချမ်းသာမှာလို့ ပြောဆိုတာ ဖြစ်ပါမယ်။ နောက်တစ်ခု ကြားဖူးတာက "အိမ်ရှေ့တမာ၊ အိမ်နောက်ခံတက်စီးပွားတက်"လို့ အဆိုရှိရာ အိမ်ရှေ့မှာ တမာပင်စိုက်ထားလို့ အရိပ်အာဝါသရခြင်း၊ တမာပွင့်၊ တမာရွက်တို့က လူကိုကျန်းမာစေခြင်း၊ လေကောင်းလေသန့်ရခြင်း ကြောင့် ကျန်းမာရေးပြည့်စုံစေပါသည်။ အိမ်နောက်မှာ ခံတက်ပင်ရှိ၍ ဟင်းတစ်ခွက် အချိန်မရွေးရနိုင်သလို ထင်းအတွက်လည်း သုံးနိုင်သဖြင့် ထွက်ငွေကို လျော့ပါးစေပါတယ်။ ဆိုလိုတာကတော့ လူတိုင်းလူတိုင်းရဲ့ ဝင်းထဲခြံထဲမှာ ဟင်းသီးဟင်းရွက်ပင်တွေ စိုက်ကြလို့ဆိုတာ ဖြစ်ပါမယ်။

"ရွှေအိုး-မြှုပ်စီမံကိန်း"ဆိုတာလည်း အမြော်အမြင်ကြီးသူတွေ က ကိုယ့်ရဲ့သားစဉ်မြေးဆက်တွေ မပူမပင်သုံးစွဲနိုင်အောင် အညာဒေသတွေမှာ သရက်၊ မန်ကျည်း၊ အုန်း၊ ကွမ်းသီး၊ ထန်းစတဲ့စားသုံးသီးပင်(နှစ်ရှည်ပင်)တွေကို စိုက်ပျိုးပေးခဲ့ပြီး၊ စိုက်ပျိုးတဲ့လူတွေခေတ်မှာ မစားရတာတောင် သားစဉ်မြေးဆက်ခေတ်မှာ စားသုံးရလို့ လူကြီးမိဘတွေ မြှုပ်နှံခဲ့တဲ့ "ရွှေအိုး-မြှုပ်စီမံကိန်း" ရဲ့ အသီးအပွင့်တွေကို တူးဖော်စားရတာ ဖြစ်ပါတယ်။

မိုးများရာဒေသတွေမှာ အုန်းပင်၊ ကွမ်းသီးပင်၊ သရက်ပင်၊ ဒူးရင်း၊ ပိန္နဲ၊ မင်းကွတ်၊ ခနိုခြံ၊ ဝါးခြံတွေစတဲ့ နှစ်ရှည်ပင်တွေကို လူကြီးတွေစိုက်ပျိုးပေးခဲ့၍ "ရွှေအိုးမြှုပ်နှံ" ပေးခဲ့သလိုဖြစ်ပြီး သား၊ မြေး၊ မြစ် လက်ထက်တိုင် ထိုနှစ်ရှည်ပင်များရဲ့ အသီး၊ အပွင့် အကျိုးကျေးဇူးတွေကို ခံစားရတာ ဖြစ်ပါတယ်။

အညာဒေသမှာ ပြောလေ့ရှိတဲ့ စကားတစ်ခုကို ဖော်ပြရရင် "မန်ကျည်းပင်သူဌေး ဘိုးသာဘေးကိုကြည့်" ဆိုတဲ့ စကားဖြစ်ပါတယ်။ ဘိုးသာဘေးက ငယ်ရွယ်စဉ်ကဆိုရင် မန်ကျည်းပင်တွေကို စိုက်လွန်းလို့ "မန်ကျည်းပင်ရူး"လို့ ခေါ်ကြကြောင်းနဲ့ ဘိုးသာဘေးကတော့ မည်သူတွေဘာပဲပြောပြော မန်ကျည်းပင်ကို သူ့ခြံ သူ့ဝင်းထဲမှာကော၊ ရပ်ထဲရွာထဲမှာကော တတ်နိုင်သလောက် စိုက်ခဲ့ပါတယ်။

နှစ်ကာလကြာလာတော့ မန်ကျည်းပင်တွေက ပွင့်ကြသီးကြ တော့ ဘိုးသာဘေး"မန်ကျည်းပင်သူဌေး"တစ်ဦး ဖြစ်လာခဲ့ပါတော့ တယ်။ ရွာသူရွာသားတွေလည်း မန်ကျည်းပင်တွေရှိလို့ အရိပ်အာဝါသနဲ့ လည်းပြည့်စုံ၊ အသီးအပွင့်၊ အရွက်တွေ လိုတဲ့အခါ ဝယ်မစားရတော့လို့ အသုံးငွေလျော့သွားပါတယ်။ ဒါကြောင့် ရှေးလူကြီးတွေရဲ့ စကားတွေ၊ အပြုအမူတွေကို လိုက်နာကြမယ်ဆိုရင် အိမ်ထောင်စုတိုင်းဟာ ထွက်ငွေလျော့ပြီး၊ ဝင်ငွေတိုးလာတာနဲ့ အတူတူ ဖြစ်မှာပါပဲ ဆိုတာကို "ရွှေအိုး-မြှုပ်စီမံကိန်း"လို့ တင်စားတာကို ဖော်ပြလိုပါတယ်။

သို့ပါ၍ လူအများအတွက် အသုံးဝင်တဲ့ အပင်တွေ၊ အရွက်တွေ၊ သီးစားပင်၊ သစ်ပင်၊ ဝါးပင်၊ ပရဆေးပင်တွေစတဲ့ အပင်တွေကို (ဥပမာ- သရက်၊ ပိန္နဲ၊ အုန်း၊ ကွမ်းသီး၊ ထန်း၊ မာလကာ၊ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကော်ဖီ၊ ငရုတ်ကောင်း၊ လေးညှင်း၊ ဇာတိပ္ဖိုလ်၊ လက်ဖက်၊ ချင်း၊ နနွင်း၊ ကင်ပွန်းချဉ်၊ သီဟိုဠ်သရက်၊ ဖာလာ စတဲ့) အပင်တွေဟာ "ငွေပင်ငွေရင်း"တွေဖြစ်ပါတယ်။ သစ်ပင်တစ်ပင် စိုက် လိုက်တာဟာ ငွေပင်ငွေရင်းတစ်ခု မြှုပ်နှံလိုက်တာနဲ့ အတူတူပါပဲ။ ဒီသစ်ပင်တွေ၊ အသီးအပွင့်၊ အရွက်တွေ၊ အဖူးတွေ ဝေဝေဆာဆာနဲ့ ဖြစ်ထွန်းလာတဲ့နေ့ဟာ ကိုယ်မြှုပ်နှံထားတဲ့ "ငွေပင်ငွေရင်း"၊ တစ်နည်း "ရွှေအိုး" ကိုအတိုးနဲ့အရင်းပါ ဖော်ထုတ်သုံးစွဲရတဲ့နေ့ဖြစ်လို့ သစ်ပင်စိုက်ပျိုးတာကို အားပေးကြရမှာဖြစ်ပါတယ်။

ကမ္ဘာကြီးပူနွေးလာမှုလျော့ပါးရေး သစ်တောသစ်ပင်များစိုက်ပျိုးပေး

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change-UNFCC) အဖွဲ့ဝင်အဖြစ် ၁၉၉၂ခုနှစ်၊ ဇွန်လ ၁၁ရက်နေ့တွင်လည်းကောင်း၊ ကျိုတိုနောက်ဆက်တွဲစာချုပ် (Kyoto Protocol)ကို ၂၀၀၃ခုနှစ် ဩဂုတ်လ ၁၃ရက်နေ့တွင်လည်းကောင်း မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် လက်မှတ်ထိုး၍ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။

ဦးတင်လှ (သစ်တော)

ယနေ့ကာလတွင် ကမ္ဘာမြေတစ်ဝန်း သစ်တောများကို ခုတ်ထွင်ရှင်းလင်းခြင်းကြောင့်လည်းကောင်း၊ စက်မှုလုပ်ငန်းများမှ ရုပ်ကြွင်းလောင်စာ စွမ်းအင်များ တိုးမြှင့်အသုံးပြုခြင်းကြောင့် လည်းကောင်း၊ မှန်လုံအိမ်ဓာတ်ငွေ့များ (Green House Gases)လေထုထဲသို့ ထုတ်လွှင့်ခြင်း လွန်စွာတိုးတက် မြင့်မားလျက်ရှိပါတယ်။ အဆိုပါ မှန်လုံအိမ်ဓာတ်ငွေ့များကို နိုင်ငံပေါင်းစုံမှ စနစ်တကျ စုပေါင်းထိန်းချုပ်ခြင်း မပြုလုပ်၊ မဆောင်ရွက်ပါက ကမ္ဘာကြီးသည် ပူနွေးလာပြီး ကမ္ဘာ့မြောက်ဝင်ရိုးစွန်းရှိ ရေခဲထုကြီးများ ပျော်ကျကာ ကမ္ဘာ့ ပင်လယ်ရေမျက်နှာပြင်သည် မြင့်တက်လာပြီး အန္တရာယ်မျိုးစုံ ကြုံတွေ့နိုင်ပါတယ်။

ထိုဘေးအန္တရာယ်များကို ကျော်လွှားနိုင်ရန် ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများ (Developed Countries)မှ မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို လျှော့ချခြင်းအားဖြင့် ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှုကို လျော့နည်းစေရန် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးပြီး သဘောတူဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါတယ်။

မှန်လုံဓာတ်ငွေ့များ ထုတ်လွှတ်ခြင်းကို လျှော့ချရန် ရောင်းဝယ်ဖောက်ကားမည့် ကာဗွန်ပမာဏ (Carbon Credict)ကို ၁၉၉၀ပြည့်နှစ် နောက်ပိုင်းတွင် စိုက်ပျိုးတည်ထောင်ထားပြီးသော သစ်တောစိုက်ခင်းများရှိ သစ်ပင်များ၏ ရွက်အုပ်ပမာဏအပေါ် အခြေခံ၍ ရရှိနိုင်မည့် ကာဗွန်ဓာတ် မက်ထရစ်တန်ပမာဏဖြင့် တိုင်းတာတွက်ချက် ရောင်းဝယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မှန်လုံဓာတ်ငွေ့တစ်မျိုးဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို သစ်ပင်များက သန့်စင်ပေးသောကြောင့် အဆိုပါ သစ်တောစိုက်ခင်းများကို ကာဗွန်စုပ်ယူသူများ(Carbon Sinks)ဟု ခေါ်ကြကြောင်း တွေ့ရပါတယ်။ သို့ပါ၍ သစ်တောစိုက်ခင်းများတွင် လည်းကောင်း၊ အခြားသင့်တော်ရာ ဒေသများတွင် လည်းကောင်း သစ်ပင်များကို နည်းလမ်းမျိုးစုံဖြင့် တိုးချဲ့စိုက်ပျိုးပေးခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချစေရန် ထိန်းချုပ်နိုင်သည့် နည်းဖြစ်ပါကြောင်းနှင့် သစ်တောသစ်ပင် သစ်တောစိုက်ခင်းများမှ ရရှိလာမည့် ကာဗွန်ပမာဏကို ရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိမှုသည် သစ်တောသစ်ပင်များကို ခုတ်လှဲရောင်းချခြင်းမပြုဘဲ ထိန်းသိမ်းစောင့်ရှောက်ရုံဖြင့် နိုင်ငံအတွက်လည်း လိုအပ်သော နိုင်ငံခြားဝင်ငွေ ရရှိနိုင်မည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါတယ်။

မိုးရာသီ လူထုလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးခြင်း

ကမ္ဘာနှင့်အဝန်း သစ်ပင်စိုက်ပျိုးရေး ပွဲတော်များကို သစ်ပင်များ စိုက်ပျိုး၍ရှင်သန်နိုင်သော အချိန်ကာလအလိုက် သစ်ပင်စိုက်ပျိုးရေး ပွဲတော်များအဖြစ် ပြောင်းလဲသတ်မှတ်ပြီး ပြည်သူတွေပါ ပါဝင်စိုက်ပျိုးလေ့ရှိကြပါတယ်။

မြန်မာနိုင်ငံတွင်လည်း ဒေသအလိုက် မိုးရွာသွန်းမှု အခြေအနေကွဲပြားသဖြင့် မိုးရာသီကာလတစ်လျှောက်လုံးကို(ဝါ)သစ်ပင်များကို စိုက်ပျိုးရန် အစိုဓာတ်အလုံအလောက်ရနိုင်တဲ့ အချိန်ကာလတစ်လျှောက်မှာ "မိုးရာသီ သစ်ပင်စိုက်ပျိုးရေးကာလ"အဖြစ် သတ်မှတ်ပြီး သစ်ပင်စိုက်ပွဲတော်များကို ကျင်းပခဲ့ပါသည်။ ဆိုလိုသည့် အဓိပ္ပာယ်မှာ သစ်ပင်ကို တစ်နေ့၊ တစ်ရက်၊ တစ်လတွင်သာ စိုက်ပျိုးရန် မဟုတ်ဘဲ မိမိဒေသတွင် သစ်ပင်စိုက်ပျိုးရန် လိုအပ်သော အစိုဓာတ်ရနေသရွေ့ စိုက်ပျိုးကြရန် လှုံ့ဆော်လျက်ရှိပါတယ်။

ထို့ကြောင့် **မြန်မာနိုင်ငံတွင် သဘာဝတောကြီးများကို ထိန်းသိမ်း ထားရုံမျှမက "သစ်ပင်စိုက်ပျိုးရေးပွဲတော်များ" ကျင်းပပြီး သစ်ပင်များကို နိုင်ငံအဝန်း သိန်းသန်းချီ၍ ပြည်သူလူထုပါ လူထုလှုပ်ရှားမှုဖြင့် ပါဝင် စိုက်ပျိုးခြင်းမှာ ကမ္ဘာကြီးပူနွေးလာမှုကို ဝိုင်းဝန်းတားဆီးရာ၌ တက်ကြွ သောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည်ဟု ဝင့်ကြွားနိုင်**ပါတယ်။

နှစ်စဉ်ဇူလိုင်လကို "မြန်မာ့သစ်ပင် စိုက်ပျိုးရေးလ" ဟု သတ်မှတ်၍ နှစ်စဉ်ပျိုးပင်ပေါင်း ၁၀သန်းကို ဒေသခံပြည်သူများအား ဖြန့်ဝေစိုက်ပျိုးခြင်း၊ ၁၉၈၇ ခုနှစ်တွင် ပျိုးပင်ပေါင်း ၁၁သန်းခန့်ကို "သစ်ပင်စိုက်ပျိုးရေးပွဲတော်" များ ကျင်းပ၍ ပြည်သူများက ပါဝင်စိုက်ပျိုးခဲ့ရာမှ ၂၀၀၀ပြည့်နှစ်တွင် ပျိုးပင်ပေါင်း ၁၇သန်းအထိ တိုးမြှင့်ဖြန့်ဝေစိုက်ပျိုးခဲ့ကြောင်း တွေ့ရှိရပါတယ်။

"နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ (က)သစ်ပင်ပျိုးပွဲတော်၊ (ခ)သစ်ပင်စိုက်ပွဲတော်၊ (ဂ) သစ်ပင်ထိန်းပွဲတော်များအား တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ်ပျိုးပင်ပေါင်း သန်းနှင့်ချီ၍ ဖြန့်ဝေစိုက်ပျိုးလျက်ရှိကြောင်း တွေ့ရပါတယ်။

သက်စုံရွယ်ညီ တစ်ဦးစီ သုံးပင်စိုက်ရေး စည်းရုံးပေး

ယခုဆက်လက်ပြီး တင်ပြလိုတာကတော့ "သက်စုံရွယ်ညီ တစ်ဦးစီ သုံးပင်စိုက်ရေး စည်းရုံးပေး"ဆိုတဲ့ ဆောင်ပုဒ်ကို ဆွေးနွေးဖော်ပြလိုပါတယ်။

"သက်စုံရွယ်ညီ" ဆိုတဲ့အတိုင်း နိုင်ငံအဝန်း ပြည်သူတွေ အနက်အသက်အရွယ်တန်းစုံ(လူကြီး၊ လူလတ်၊ လူငယ်) အညီအညွတ် ပါဝင်ခြင်း၊ "တစ်ဦးစီ သုံးပင်"ဆိုတဲ့အတိုင်း လူတစ်ဦးစီ လူကြီး၊ လူလတ်၊ လူငယ်၊ အမျိုးသား၊ အမျိုးသမီးမရွေး တစ်ယောက်စီတိုင်း၊ တစ်ဦးစီတိုင်း သစ်ပင်သုံးပင်ကို ရှင်သန်အောင်မြင်အောင် စိုက်ကြဖို့ စည်းရုံးရန် မည်သို့အခြေခံပါသလဲဟု မေးမြန်းလာပါက တင်ပြလိုသည်မှာ တစ်ဦးစီသုံးပင်စိုက်ရေးဆိုတာကတော့ -

၁။ ပထမတစ်ပင်ကတော့ "ကျေးဇူးဆပ်ခြင်း"၊ သို့မဟုတ် "အကြွေးဆပ်ခြင်း"

လူတိုင်းရဲ့ အမိ၊ အဖ၊ ဘိုးဘွားတွေဟာ ခေတ်အဆက်ဆက် အကြောင်းအမျိုးမျိုးကြောင့် သစ်ပင်များကို စိုက်နိုင်သူများရှိခဲ့သလို၊ အခြေအနေမပေး၍ စိုက်ပျိုးခွင့်မရဘဲ အကြောင်းအမျိုးမျိုးကြောင့် သစ်ပင်များကို မစိုက်နိုင်ခဲ့သူ၊ စိုက်ရန်အကြွေးတင်ခဲ့သူများလည်း ရှိနိုင်ပါတယ်။ သို့ပါ၍ စိုက်ပျိုးနိုင်ခဲ့လို့ စိုက်ပျိုးပေးခဲ့ကြတဲ့ ဘိုးဘွားမိဘများရဲ့ အပင်တွေကို ထုတ်ယူသုံးစွဲခွင့်ရတဲ့ မျိုးဆက်သစ်တွေက ဘိုးဘွားမိဘများကို ကျေးဇူးတင်ထိုက်ကြ၍ ကျေးဇူးဆပ်တဲ့သဘော တစ်ပင်စိုက်ရပါမယ်။ အကြောင်းအမျိုးမျိုးကြောင့် မစိုက်ပျိုးနိုင်ခဲ့ကြတဲ့ မိဘဘိုးဘွားတွေမှာ စိုက်ပျိုးရန်အကြွေးတင်ခဲ့သလို ဖြစ်နေရင်လည်း ယခုမျိုးဆက်သစ်တွေက "ကြွေးပြန်ဆပ်"တဲ့ သဘော တစ်ပင်စိုက်ရန်ဖြစ်ပါတယ်။

၂။ ဒုတိယတစ်ပင်ကတော့ "ရင်းနှီးခြင်း"၊ သို့မဟုတ်"ပဒေသာ ပင် မတည်ခြင်း"

လူတိုင်းကိုယ်စီမှာ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ ကိစ္စများမြောင်တာတွေရှိကြသလို ဝင်ငွေမှန်မှန်ရှိအောင်လည်း ရိုးသားစွာ ကြိုးစားလုပ်ကိုင်ကြရပါတယ်။ ဒီလိုလုပ်ကိုင်ကြဖို့ "အရင်းအနှီး"၊ သို့မဟုတ် မတည်ငွေ လိုအပ်မည်ဖြစ်ရာ ထိုငွေကို ကိုယ့်ဘဝသက်တမ်းမှာ ပုံမှန်ရနေဖို့"ရင်းနှီးမြှုပ်နှံဖို့" လိုပါမယ်။ တစ်နည်းအားဖြင့် "မတည်ငွေ"တွေ "ပဒေသာပင်" စိုက်တာလို အကျိုးများရရှိအောင် "ရင်းနှီးခြင်း" ပဒေသာပင် မတည်ခြင်းလို့ ခေါ်ဆိုနိုင်တဲ့ ဒုတိယအပင်ကို စိုက်ပျိုးပေးရန် ဖြစ်ပါတယ်။

၃။ တတိယတစ်ပင်ကတော့"အမွေပေးခြင်း"

လူတိုင်းကိုယ်စီမှာ သားစဉ်မြေးဆက် အမွေဆက်ခံမယ့် သူတွေရှိကြပါတယ်။ ကိုယ့်ရဲ့သားသမီး မြေးဆက်အမွေခံမယ့် သူတွေရှိကြပါတယ်။ ကိုယ့်ရဲ့သားသမီး၊ မြေးမြစ်တွေ လက်ထက်ကျလို့ လူလားမြောက်လာလို့ လိုအပ်လာမယ့် အချိန်မှာ မပင်မပန်းဘဲ၊ စိတ်သောကမရောက်ဘဲ စိတ်အေးလန်းပျော်ရွှင်စွာဖြင့် လိုအပ်သလောက် ထုတ်ယူသုံးစွဲနိုင်ရအောင် တတိယအပင်ကို "အမွေပေးခြင်း" အနေဖြင့် စိုက်ပျိုးပေးရန် ဖြစ်ပါတယ်။

သို့ပါ၍ **"နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်"** ဆိုတဲ့ဆောင်ပုဒ်အတိုင်း ယခုနှစ် သစ်ပင်စိုက်ပျိုးခြင်းပွဲတော်မှသည် နောင်ကျင်းပမည့် ပွဲတော်များဆီသို့ တိုင် **" သက်စုံရွယ်ညီ တစ်ဦးစီ သုံးပင်စိုက်ရေး စည်းရုံးပေး"** ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

မန္တလေးသဗ္ဗသိဒ္ဓိကျောင်းတော် ကျောင်းလွှတ်ပူဇော်ရေစက်ချ ဗုဒ္ဓါဘိသေက အနေကဇာတင်၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၁

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၂လမ်း x လမ်း၃၀ထောင့်ရှိ ဝေပုလ္လာရာမ မက္ခရာကျောင်းတိုက်ပရိဝုဏ်အတွင်း ဆောက်လုပ်ပြီးစီးသွားသည့် သဗ္ဗသိဒ္ဓိကျောင်းတော် ကျောင်းလွှတ်ပူဇော်ရေစက်ချမင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်၍ ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက်၉နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်းတို့တက်ရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များသည် သတ်မှတ်နေရာများတွင် နေရာယူ၍ သဗ္ဗသိဒ္ဓိကျောင်းတော်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကို ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဆရာတော်၊ သံဃာတော်များ အမှူးထား၍ တိုင်းမှူးနှင့် ဇနီး၊ အလှူရှင်မိသားစုနှင့် ဧည့်ပရိသတ်များက နမော တဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ပြီး အခမ်းအနားကို စတင်ဖွင့်လှစ်ကြသည်။

ငါးပါးသီလချီးမြှင့်

ဆက်လက်၍ နိုင်ငံတော် ဩဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော်ကြီးက ငါးပါးသီလ ချီးမြှင့်တော်မူရာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်ကြပြီး ဝါဆိုသင်္ကန်းများကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့က ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးထံသို့ လည်းကောင်း၊ မြို့တော်ဝန်နှင့်ဇနီးမိသားစုက မြတောင်တိုက်ရွှေဝါဝင်းကျောင်း ဆရာတော်နှင့်မစိုးရိမ်ကျောင်းတိုက်ဆရာတော်ထံသို့ လည်းကောင်း၊ ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံသို့ လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ဆက်လက်၍ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက်ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသက ရေစက်ချ အနုမောဒနာ တရားချီးမြှင့်တော်မူရာ ဧည့်ပရိသတ်များက နာယူ၍ လှူဒါန်းမှု အစုစုအတွက် အမျှပေးဝေကြသည်။

လှူဒါန်းမှု

အဆိုပါ သဗ္ဗသိဒ္ဓိကျောင်းတော်သည် ဝေပုလ္လာရာမ မက္ခရာကျောင်းတိုက်အတွင်း အကျယ်အဝန်း ပေ ၃၀၊ ပေ ၄၀ရှိ မြေပေါ်၌ ဆောက်လုပ်ထားသည့် အာရ်စီတစ်ထပ်ကျောင်းတော်ဖြစ်ပြီး လှူဒါန်းမှု စုစုပေါင်းကုန်ကျငွေမှာ ၃၁၈၇၆၆၇၁ ကျပ်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကိုးမိုင် သီရိရိပ်သာနေ ကိုနေလင်းဦး-မကေဇင်မျိုးညွန့် မိသားစုက ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ဘဏ္ဍာရေးမှူးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ချင်းတောင်သာသနာပြုဆရာတော် ဝါတွင်းဘာသာရေးသင်တန်းနှင့် အထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၁၁

ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက် ပဓာန နာယက ဓမ္မာစရိယ၊ ဘီအေ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ပရိယတ္တိသာသနဟိတဓရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ် ချင်းတောင်တန်းသာသနာပြုဗဟိုခေါင်းဆောင် ဆရာတော်ဘဒ္ဒန္တတေဇောသာရ အရှင်သူမြတ်သည် ဟားခါးမြို့ရှိ ဗုဒ္ဓဘာသာဝင်များ သီလဆောက်တည်၍ တရားရှုမှတ်ပွားများနိုင်ရန်နှင့် ဗုဒ္ဓဘာသာ၏ အနှစ်သာရတရားများကို သိရှိနိုင်ရန်အတွက် ဝါတွင်းသုံးလဥပုသ်နေ့တိုင်း နံနက် ၁၀ နာရီတွင် ကိုးပါးသီလချီးမြှင့်မည်ဖြစ်ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီတွင် မြတ်ဗုဒ္ဓ၏ဘာသာရေး အနှစ်သာရ အခြေခံသင်တန်းနှင့် လက်တွေ့ဝိပဿနာရှုပွားနည်းကို ပို့ချပေးမည်ဖြစ်သည်။

ဟောကြား

ထို့အပြင် ဥပုသ်နေ့တိုင်း ညစဉ်၇နာရီမှစ၍ သာသနာပြုဆရာတော် ဘဒ္ဒန္တတေဇောသာရအရှင်သူမြတ်နှင့် မြို့မသာသနာပြုစာသင်တိုက် စာချတိုက်အုပ်ဆရာတော် ဘဒ္ဒန္တဇဝိုလ ဓမ္မာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ၊ ဝိနယဝိဒူတို့က သာသနာပြုအထူးတရားများကို မြို့မသာသနာပြုစာသင်တိုက်အတွင်းရှိ သာသနာ့ရောင်ခြည်ဓမ္မာရုံ၌ ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဆေးဝါးတက္ကသိုလ်(ရန်ကုန်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရှိ ဆေးဝါးတက္ကသိုလ်(ရန်ကုန်)၏ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဩဂုတ် ၂ရက် နံနက် ၉နာရီက အဆိုပါဆေးရုံ၌ ကျင်းပရာ အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာအောင်မွန်က အဖွင့်အမှာစကား ပြောကြား၍သစ်ပင်စိုက်ပျိုးရခြင်းအကြောင်း အကျယ်တဝင့် ရှင်းပြသည်။ ထို့နောက် ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စားပင်၊ အရိပ်ရပင်များကို ကျောင်းအတွင်း စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)(မြို့နယ်ပြန်/ဆက်)**

မြို့တွင်းလမ်းများ ကောင်းမွန်ရေးဆောင်ရွက်

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နေလူထု စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် မြို့တွင်းလမ်းများ ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၁ ရက်က အမှတ် (၁) ရပ်ကွက် မဟာစည်ရိပ်သာ လမ်းဆေး ဝဲယာလမ်းပခုံး ဖို့ခြင်းကို အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်ခင်မာလာက ကြီးကြပ်ဆောင်ရွက်ပေးသည်။ အဆိုပါလမ်းမှာအရှည် ပေ ၁၅၉၀ရှိပြီး လမ်းပခုံး တစ်ဖက်လျှင် သုံးပေစီကို ထုခြောက်လက်မ မြေဖို့ပေးခဲ့ပြီး စည်ပင်ရန်ပုံငွေ ကျပ် ၈၇၅၀၀၀ဖြင့်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ဟိုပန်စည်ပင် အမှုဆောင်အရာရှိ မြို့မဈေးစစ်ဆေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိုးသည် ဇူလိုင်၁ရက်က မြို့မဈေးအတွင်း သန့်ရှင်းသပ်ရပ်ရေးနှင့် အသား၊ ငါးဆိုင်များ ယင်လုံဆန်ခါ တပ်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ်စည်ပင်ညွှန်မှူး ရေနုတ်မြောင်းတူးဖော်နေမှုစစ်ဆေး

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် ဇူလိုင် ၂၁ ရက်က သံတွဲမြို့သို့ ရောက်ရှိလာပြီး ရေကြီးနစ်မြုပ်မှုကြောင့် သံတွဲမြို့တွင်း ရေနုတ်မြောင်းများ၊ ရွှံ့နွံများ ပိတ်ဆို့နေမှုကို သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တူးဖော်ဆောင်ရွက်နေမှု လုပ်ငန်းများကိုကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

ဖလမ်း၌ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်

ချင်းပြည်နယ် ဖလမ်းမြို့ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ဖလမ်းမြို့ ဗဟိုသာသနာပြုကျောင်း၌ကျင်းပရာ လုံပီး တောရကျောင်းဆရာတော် ဘဒ္ဒန္တတိက္ခဉာဏထံမှ ကိုးပါးသီလခံယူတည်ဆောက်ကြပြီး သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။ ယင်းနောက် ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်၊ ဇနီးဒေါ်မို့မို့တင်ဦးနှင့် ပရိသတ်များက သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လုံပီးတောရကျောင်းဆရာတော် ဘဒ္ဒန္တတိက္ခဉာဏထံမှ အနုမောဒနာ တရားနာယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

နေပြည်တော်ပျဉ်းမနား၌ ကြက်ခြေနီဆင့်ပွားသင်တန်းဆင်း

မန္တလေးတိုင်း ကြက်ခြေနီအသင်းက ကြီးမှူး၍ ဘေးဒုက္ခဆိုင်ရာ ဆန်းစစ်လေ့လာရေးနှင့် တုံ့ပြန်ရေး ဆင့်ပွားသင်တန်း ၂/၂၀၀၇ သင်တန်းဆင်းပွဲ အခမ်းအနားကို နေပြည်တော်ပျဉ်းမနား ပြည်သူ့ဆေးရုံခန်းမ၌ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာအေးကိုကိုနှင့် တိုင်းကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်ဝင်းတို့က အမှာစကား ပြောကြားကြပြီး သင်တန်းသားများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ (၀၉၉)

မြစ်ကြီးနား ကမ်းနားလမ်း ထပ်ပိုးလွှာခင်းရန် ကျောက်စုဆောင်း

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဘဏ္ဍာရေးနှစ်အလိုက် မြို့တွင်းလမ်းများ ဆက်သွယ်သွားလာမှု ကောင်းမွန်ရေးအတွက် လမ်းများ အဆင့်မြှင့်တင်ပြီး ကတ္တရာလမ်းများထပ်ပိုးလွှာခင်းခြင်း၊ လမ်းချိုင့်ခွက်များ၊ လှိုင်းများ ပြုပြင်ဆောင်ရွက်ခြင်းနှင့် လမ်းပခုံးများအား လမ်းနှင့်လိုက်လျောညီထွေရန်အတွက် မြေဖို့ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်က မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုး၊ အင်ဂျင်နီယာမှူး ဦးသိန်းမြင့်နှင့်အတူ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက် ကမ်းနားလမ်း သန့်ရှင်းသပ်ရပ်သာယာလှပပြီး သွားလာမှုကောင်းမွန်ရေးအတွက် ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်များစုဆောင်းထားမှု၊ ကမ်းနားလမ်း အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ တိုင်းတာမှုကို ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

သာစည်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ဆေးဝါးများ လှူဒါန်း

သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးမြင့်သိန်းနှင့် အလုပ်အမှုဆောင်များသည် ဇူလိုင်၁၅ရက်က ဘုရားငါးဆူကျေးရွာသို့ ရောက်ရှိပြီး အကျဉ်းဦးစီးဌာန ကျောက်ထုတ်လုပ်ရေးစခန်းရှိ အကျဉ်းသား ၄၅၀ကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နံနက်စာထမင်း၊ လိုအပ်သောဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သာပေါင်းအထကကျောင်းဆောင်သစ် ဆောက်လုပ်မှုနှင့် တန် ၂၀၀ကျ ပျော့ဖတ်စက်ရုံထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်

တိုင်းမှူးဗိုလ်ချုပ်သူရ မြင့်အောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၂၅ရက် နံနက်၇နာရီက ပုသိမ်–သာပေါင်းကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်း၊ တံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သာပေါင်းမြို့သို့ ရောက်ရှိကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်အေးက မြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများ၏ ဖြည့်စွက်ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

၎င်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်သာပေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး တိုင်းမှူးသည် ဆောက်လုပ်ဆဲနှစ်ထပ် RCအဆောက်အအုံအား လည်းကောင်း၊ ဆောက်လုပ်ဆဲတစ်ထပ်ကျောင်းဆောင်အားလည်းကောင်း၊ စာသင်ဆောင်များကိုလည်းကောင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

အဆိုပါ အလျားပေ ၁၄၀၊ အနံပေ ၃၀ရှိဆောက်လုပ်ဆဲနှစ်ထပ်အဆောက်အအုံသည် သာပေါင်းမြို့ အမှတ် (၂) ရပ်ကွက်မှ အလှူရှင်ဦးတင်မောင်လင်းက ငွေကျပ် သိန်း၄၀၀ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ ဆောက်လုပ်ဆဲတစ်ထပ်ကျောင်းဆောင်သည် နိုင်ငံတော်ခွင့်ပြုငွေ ကျပ်သိန်း၆၀နှင့် ဒေသပြည်သူလှူဒါန်းငွေများဖြင့် ဆောက်လုပ်နေခြင်းဖြစ်သည်။ ၎င်းနောက် တိုင်းမှူးသည် သာပေါင်းမြို့ အမှတ် ၂ရပ်ကွက် ကျောင်းလမ်းနှင့် ထွန်စက်ကုန်းရှိ ရေကျနောက်စိုက် ဇရိယာများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

မှာကြားဖြည့်ဆည်းပေး

ထို့နောက်တိုင်းမှူးသည် လေ့ကြီးတက်ကျေးရွာအနီး မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း တစ်နေ့တန် ၂၀၀ ကျ ပျော့ဖတ်စက်ရုံသို့ ရောက်ရှိပြီး၊ တိုင်းမှူးအား ရှင်းလင်းဆောင်တွင် စက်ရုံစုမှူး ဦးရည်မွန်က စက်ရုံစုအတွင်း ပါဝင်သည့်စက်ရုံများ သဘာဝဓာတ်ငွေ့ရရှိမှုနှင့် ဓာတ်အားလိုင်းသွယ်တန်းမှု၊ ကုန်ထုတ်လုပ်မှုစက်သုံးဆီနှင့်ကုန်ကြမ်းရရှိမှု၊ စက်မှုကုန်ကြမ်းဝါး၊ သစ်စိုက်ခင်းထူထောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများ၏ ဖြည့်စွက်ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

၎င်းနောက်တိုင်းမှူးအား တန် ၂၀၀ ပျော့ဖတ်စက်ရုံတွင် ကုန်ကြမ်းဝါးမှ ပျော့ဖတ်ချိန်တွယ်ထုပ်ပိုး၊ သိုလှောင်မှု အဆင့်ဆင့်ကို စက်ရုံစုမှူး ဦးရည်မွန်က လည်းကောင်း **(အပေါ်ပုံ)**၊ တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံ၏ စက်တပ်ဆင်ပြီးစီးမှုအခြေအနေကို ဒုတိယစက်ရုံမှူး ဦးမြင့်အေးကလည်းကောင်း လိုက်လံရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးသည် သာပေါင်းမြို့ နယ်မြေခံတပ်၏ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်မှူးမြင့်လွင် (ငြိမ်း)အား ရည်စူး၍ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မင်္ဂလာလမ်း အမှတ် (၅–က)နေ ဒေါ်တင်မြ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူငွေ ကျပ်နှစ်သိန်းကို အနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဟင်္သာတ ဒူးယားကျေးရွာ အထက ကျောင်းဆောင် ဆောက်လုပ်မှု ဧရာဝတီမြစ်ရေ မြင့်တက်လာမှုနှင့် တာများ၊ ရေကင်းစခန်းများ

လယ်ယာ/ ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး လှည့်လည်စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ်၅ရက် နံနက်၁၁နာရီခွဲက ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် ဒူးယားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

မှာကြား

ထို့နောက် မွမ်းမံသင်တန်း တက်ရောက်လျက် ရှိကြသော ဆရာ၊ဆရာမများအား တွေ့ဆုံ၍ အမျိုးသားပညာရည်မြင့်မားရေး၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်တတ်မြောက်ရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဟင်္သာတမြို့သို့ ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ဟင်္သာတမြို့မှ ရေယာဉ်ဖြင့် ဧရာဝတီမြစ်ရေ မြင့်တက်လာမှု၊ မြစ်ကမ်းတစ်လျှောက်ရှိ တာများ၊ ရေကင်းစခန်းများ ထားရှိစောင့်ရှောက်မှု၊ ဟင်္သာတမြို့နယ် ဖောင်ဆိပ်ကျေးရွာအနီးရှိ အိပ်ပျက်တာနှင့်ပန်းတာ တည်ဆောက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ရေကျပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဟင်္သာတမြို့နယ်အတွင်း ရေတားတာများခိုင်မာရေးအတွက် ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် ရေကင်းစခန်းများ ချထားစောင့်ကြည့်ခြင်း၊ ရေစိမ့်ပေါက်များ ဖြစ်ပေါ်ခြင်းရှိ၊ မရှိ လှည့်လည်စစ်ဆေးပြီး ရေစိမ့်မှု၊ တာအိ တာလျော့မှု၊ ရေကျော်မှုများ ဖြစ်ပွားပါက အသုံးပြုရန် လိုအပ်သောပစ္စည်းများ စုဆောင်းထားခြင်းတို့ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံများက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ဒေသအရောက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း လွှမ်းခြုံမှုရရှိရေးနည်းဗျူဟာ ဖော်ထုတ်ရေးအလုပ်ရုံ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသအရောက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ လွှမ်းခြုံမှုရရှိရေး နည်းဗျူဟာ ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ (Mid Level Management T.O.T Training and RED Strategy Workshop)ကို ယမန်နေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ ခုတင်(၃၀၀)ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင်**(ယာပုံ)** ကာကွယ်ဆေးထိုးလုပ်ငန်းကို တစ်နိုင်ငံလုံးရှိ ကျေးရွာများအားလုံးသို့ သွားရောက်နိုင်အောင် နည်းဗျူဟာများ ဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနတိုင်း၌ အအေးလမ်းကြောင်းစနစ် ရောက်ရှိနိုင်ရေးအတွက် နည်းလမ်းမျိုးစုံကြံဆရမည်ဖြစ်ကြောင်း၊ အခြေခံကျန်းမာရေး ဝန်ထမ်းတိုင်းက လုပ်ငန်းတိုင်းကို လုပ်ဆောင်တတ်ပြီး ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ကြရန် လိုကြောင်းနှင့် ဝန်ထမ်းတိုင်းသည် ကျွမ်းကျင်ဝန်ထမ်းများ ဖြစ်လာအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ကျင်းပသွားမည်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယ ပြည်နယ်/တိုင်း ကျန်းမာရေး ဦးစီးဌာနမှူးများ၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ဆိုင်ရာ ကူးစက်ဆရာဝန်ကြီးများနှင့် အထူးရောဂါနှိမ်နင်းရေး အဖွဲ့ခေါင်းဆောင်ဆရာဝန်များတက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၄ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဟင်္သာတမြို့နယ် ဒူးယားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်/ဆည်)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၂၅/၂၀၀၇)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူများ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာတိုးပွားစေရေး အလေးထား နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ စည်းဝေး

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၂၅/၂၀၀၇)ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၃ရက် မွန်းလွဲ ၂နာရီက နေပြည်တော် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးကြီးခင်မောင်စီ၊ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် ပျဉ်းမနားခရိုင်နှင့်မြို့နယ်တို့မှ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းအသီးသီးတို့မှ တာဝန်ခံများ တက်ရောက်ကြသည်။

တင်ပြ

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက တစ်ပတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆောင်ရွက်မှု အခြေအနေများနှင့် ယာဉ်တိုက်မှုအခြေအနေများကို တင်ပြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ကော်မတီ၊ ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းအသီးသီးတို့မှ တာဝန်ခံများက ဆွေးနွေးတင်ပြကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့နှင့် စပ်လျဉ်း၍ လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ် သုတေသနပြုခြင်းလုပ်ငန်းတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

မှာကြား

ယင်းနောက် တိုင်းမှူးက နေပြည်တော်ဒေသအတွင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် 3E System ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာများတိုးပွားစေရေးတို့ကို သက်ဆိုင်ရာမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများက အလေးထားကြပ်မတ်၍အကြိမ်ကြိမ်နှိုးဆော်ဆောင်ရွက်ရန်လိုကြောင်းဖြင့်မှာကြားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာ မိုးကုတ်ရိပ်သာ ဝါတွင်းတရားစခန်းပွဲများ

ရန်ကုန် ဩဂုတ် ၁၁

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၉)၏ ဝါတွင်းကာလ အထူးတရားစခန်းပွဲများကို ဝါခေါင်လဆန်း ၁ ရက်မှ ၇ ရက်အထိတစ်ကြိမ်၊ တော်သလင်းလဆန်း ၁ ရက်မှ ၇ ရက်အထိတစ်ကြိမ်နှင့် သီတင်းကျွတ်လဆန်း ၁ရက်မှ၇ရက်အထိ တစ်ကြိမ် ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲများကို ကျောင်းသစ်ကျောင်း ဆရာတော် ရိပ်သာပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာစာရ အရှင်မြတ်က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာ လူဦးရေကန့်သတ်ထား၍ ဖုန်း–၀၆၄–၃၅၂၆၇ သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

စက်မှု(၁) အထူးဈေးရောင်းပွဲတော်များ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို စစ်ကိုင်းတိုင်း ရေဦးမြို့ အောင်မင်္ဂလာ အားကစားရုံ၌ ဩဂုတ် ၁၂ရက်မှ ၁၈ရက်အထိ လည်းကောင်း၊ မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့အားကစားရုံ၌ ဩဂုတ် ၁၅ရက်မှ ၂၁ရက်အထိလည်းကောင်း နေ့စဉ် နံနက် ၈နာရီမှ ည ၈နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီ၊ လက်ကား ရောင်းချပေးမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုင်းတောင်း တုန်ဟုန်းပရိယတ္တိစာသင်တိုက် ဆရာတော်အား ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဝါဆိုသင်္ကန်းဆက်ကပ်

ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၁

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်ရှိ ကျိုင်းတောင်းမြို့သို့ရောက်ရှိပြီး ကျိုင်းတောင်းမြို့ တုန်ဟုန်းပရိယတ္တိစာသင်တိုက် (သာသနာ့ရက္ခိတ ပရိယတ္တိစာသင်တိုက်)သို့ သွားရောက်၍ ဆရာတော် ဦးသောစန္ဒအား ဖူးမြော်ကန်တော့ကာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ငါးပါးသီလခံယူ

အဆိုပါ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားသို့ ကျိုင်းတောင်း တပ်နယ်မှူး ဗိုလ်မှူးကြီးအောင်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း စီမံကိန်းညွှန်ကြားရေးမှူး ဦးစန်းဝေနှင့် စီမံကိန်းဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြပြီး ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ် သရဇ္ဈာယ်ကြပြီး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ဆရာတော် ဦးသောစန္ဒအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းရှိ ဆရာတော်၊သံဃာတော်များ၊ ရှင်သာမဏေများ စုစုပေါင်း ၃၂ ပါးတို့ကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့သည် ဩဂုတ်၆ရက် နံနက်ပိုင်းတွင် ကျိုင်းတောင်းမြို့ရှိ နမ့်တိန်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ရှေးဦးစွာ ဝန်ကြီးအား ကျိုင်းတောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းကျော်က ဒေသအတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက အမှာစကား ပြောကြားရာတွင် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စု စိတ်ဓာတ်၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် စွဲမြဲခိုင်မာရေးတို့ကို ဌာနဆိုင်ရာ တာဝန်ခံများနှင့်အတူ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များက အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပညာရေးအတွက် အလှူငွေကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်တင့်က လည်းကောင်း၊ ကျန်းမာရေးအတွက် အလှူငွေကျပ် တစ်သိန်းကို ဒေါက်တာဇော်ထိုက်က လည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲ အပြီးတွင် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ယူနန်ပြည်နယ်မှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၅ရက်မှ ၉ရက်အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ်သို့ သွားရောက်ခဲ့သည်။

ကြိုဆို

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်၅ရက်ညနေ ၅နာရီ၁၅မိနစ်တွင် ယူနန်ပြည်နယ် ကူမင်းမြို့သို့ရောက်ရှိရာ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် Madame Zhou Hong၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့် တာဝန်ရှိသူများက ကူမင်းမြို့ နိုင်ငံတကာလေဆိပ်တွင် ကြိုဆိုကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Jiang Yunzhang လိုက်ပါ၍ ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ယူနန်ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တာ့လီပြည်နယ်ခွဲသို့ သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုလေ့လာရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တာ့လီပြည်နယ်ခွဲ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Zhu Feiက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လိုက်လံရှင်းလင်း ပြသသည်။

ရင်းနှီးစွာဆွေးနွေးခဲ့

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၈ ရက်တွင် ကူမင်းမြို့သို့ ပြန်လည်ရောက်ရှိပြီး ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Qin Guangrong ခေါင်းဆောင်သော ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်ဖက်အကျိုးတူ ကိစ္စရပ်များကို ချစ်ခင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ပြန်လည်ရောက်ရှိ

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ကူမင်းမြို့မှ ပြန်လည် ထွက်ခွာလာရာ ယမန်နေ့နံနက်ပိုင်းက နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ ကောင်စစ်ရေးရာဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သီဝနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဌာနစုမှူး(၁) ဦးမောင်မောင်အေးတို့ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

သစ်တော၊ သစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

■ **ကျောဖုံးမှ**

ရှင်းလင်းတင်ပြ

ရေကင်းများချထားမှု၊ တာတမံများ ရေယိုစိမ့်ထွက်ပေါက်များအား ရေခွေပြု လုပ်ကာကွယ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးအား ရေကင်းစခန်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးယဉ်ထွေးက မြို့နယ်အတွင်း ရေကင်းများ တည်ရှိမှုနှင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ရေကင်းချထားမှု အရေအတွက်၊ တာဝန်ချထားသည့် မြို့နယ်အတွင်းရှိ တာတမံများ၌ ထူးပေါက်များအား ရေခွေပြုလုပ် ကာကွယ်ထားရှိမှု အခြေအနေများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက တာများကြံ့ခိုင်ရေးကို နေ့၊ညမပြတ်စစ်ဆေးကြပ်မတ် ဂရုစိုက်ဆောင်ရွက်ရန် မှာကြားသည်။

သတိပေးစောင့်ကြပ်

ယင်းနောက်တိုင်းမှူးသည်ဟင်္သာတမြို့ ရှခင်းဇရပ်ဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ တာများ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဖောင်ဆိပ်ကျေးရွာ သို့ရောက်ရှိကာ ဦးဖိုးလေးတာ အရှည် ပေ၆၀၀ကို တာရေစိမ့်နေရာများတွင် ရေခွေများပြုလုပ်ကာကွယ်ထားရှိမှု၊ သဲအိတ်များ စုဆောင်းထားရှိမှု၊ တာအောက်ခြေကို ထုပ်တန်းရိုက်သဲအိတ်များ ချထားမှု၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ရေကင်းများဖြင့်၂၄နာရီပတ်လုံး သတိပေးစောင့်ကြပ်မှု အခြေအနေများကို တာရိုးတစ်လျှောက် လိုက်လံကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များ အပေါ် တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဟင်္သာတမြို့ ဆည်မြောင်းရိပ်သာရှိ မြနန္ဒီ အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံရာ ရေးဦးစွာတိုင်းဆည်မြောင်း ဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင်ဆန်းက ဟင်္သာတခရိုင်အတွင်း ရေဘေးအန္တရာယ် ကာကွယ်ထားရှိမှု အခြေအနေ ရေကင်းများဖြင့် နေ့၊ ညစောင့်ကြပ်မှု၊ နှစ်အလိုက် ဟင်္သာတမြို့ စိုးရိမ်ရေအမှတ် ရောက်ရှိမှု၊ ရေဘေးအန္တရာယ် ကြိုတင်သိရှိရေးဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်က ခရိုင်အတွင်းရှိ မြို့နယ်များ၏ ရေအမှတ်များ၊ တာတမံအရှည်နှင့် ကာကွယ်ထားသောဇကများ၊ နှစ်အလိုက်ထူးခြားချက်များ၊ မြစ်ရေကြီးမှုအခြေအနေ ရေကင်းတဲများဆောက်လုပ်ထားမှုနှင့် တာဝန်ချထားမှု၊ ရေကင်းတဲများတွင် စက်ကိရိယာများ၊ လူပစ္စည်းများစုဆောင်းထားရှိမှု၊ ၂၀၀၇ ခုနှစ်တွင် ရေပေါက်၊ သဲဗွက်ဖြစ်ပေါ်မှု၊ စိုက်ပျိုးပြီး စပါးရေကြီးနစ်မြုပ်မှုနှင့် ပြန်လည်စိုက်ပျိုးရန် မျိုးစုဆောင်းပျိုးထောင်ထားရှိမှု၊ ရေကြီးမှုကြောင့် ကျောင်းများ ယာယီ ပိတ်ထားမှုနှင့် ကျန်းမာရေးဆောင်ရွက်ပေးနိုင်မှု၊ တာကျိုးပေါက်မှုမရှိစေရန် ကာကွယ်နိုင်မှုကြောင့် ထိခိုက်ပျက်စီးမှုမှ ကင်းလွတ်ခဲ့မှုအခြေအနေများကို လည်းကောင်း၊ ဟင်္သာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က မြို့နယ်အတွင်း တာများ တည်ရှိမှု၊ လအလိုက် မြစ်ရေမြင့်တက်မှု၊ ရေကင်းတဲနှင့် အင်အားတိုးချဲ့ချထားမှု၊ ရေပေါက်များဖြစ်ပေါ်မှုအပေါ်ကာကွယ်ဆောင်ရွက်မှု၊ တာများ ကာကွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေကင်းတဲများထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မှတ်တမ်းဓာတ်ပုံများဖြင့်လည်းကောင်း၊ ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးသန်းထွန်းက ခရိုင်အတွင်း မိုးစပါး စိုက်ပျိုးပြီးစီးမှုနှင့် ဝန်ထမ်းများအား ရေဘေးကာကွယ်ရေးတာဝန်ခွဲဝေပေးထားမှုကိုလည်းကောင်း၊ ခရိုင်ပညာရေးမှူး ဒေါ်အုန်းနွဲ့က ခရိုင်အတွင်း ကျောင်းများ ယာယီ ပိတ်ထားမှုနှင့် ကျောင်းများ ထိန်းသိမ်းစောင့်ရှောက်ထားမှု အခြေအနေများကို လည်းကောင်း၊ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းလူက အရေးပေါ်နယ်လှည့်ဆေးအဖွဲ့ဖြင့် အထူးကု ဆရာဝန်ကြီးများက ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးကြီး ဦးထွန်းသာက မြို့ကွင်း-ကွင်းကောက်လမ်း ရေနစ်မြုပ်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းပိုင်းဆိုင်ရာများကို အသေးစိတ် မှာကြားသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ဇူလိုင် ၂၅ရက်က ပဲခူးတိုင်းနှင့် ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ စုပေါင်း၍ ပဲခူးသီရိဝေရောစန ဘုရားဝင်းအတွင်းရှိ မဇ္ဈူသကာရာမကျောင်းတိုက် ဆရာတော်အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



❖ စပိန်နိုင်ငံ ဘာစီလိုနာမြို့ အခြေစိုက် ဗိသုကာကုမ္ပဏီတစ်ခုက ကမ္ဘာပေါ်တွင် ပထမဆုံးအာကာသဟိုတယ်တစ်ခုကို လာမည့် ၂၀၀၈ ခုနှစ်၌ စတင်တည်ဆောက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ အဆိုပါ အာကာသဟိုတယ်မှာ ကမ္ဘာမြေပြင်မှ ကီလိုမီတာ ၄၅၀ခန့်အကွာတွင် ရှိမည်ဖြစ်ပြီး သုံးရက်တည်းခိုနေထိုင်ပါက တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၉ သန်းပေးရမည်ဖြစ်ကြောင်း သိရသည်။

❖ **ဂျေရုစလင်မြို့တွင် ဩဂုတ် ၁၀ရက်က အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးထံမှ သေနတ်ကို အကြမ်းဖက်သမားတစ်ဦးက လုယူကာပစ်ခတ် တိုက်ခိုက်ခဲ့ပြီး မိမိကိုယ်ကို သတ်သေသွားကြောင်း၊ အဆိုပါ အကြမ်းဖက်သမား ပစ်ခတ်ခဲ့သဖြင့် လူ ၁၀ဦးဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးအာဏာပိုင်များက ပြောကြားသည်။**

❖ အိန္ဒိယနိုင်ငံ ကတ်ရှ်မီးယားဒေသတွင် ဩဂုတ် ၁၁ရက်က အိန္ဒိယစစ်ဘက်၏ လက်နက်ခဲယမ်းသိုလှောင်ရုံတစ်ခု ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၅ဦးထက်မနည်း သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❖ **ဗြိတိန်နိုင်ငံ လန်ဒန်မြို့အနီး ဆန်ဒေါင်းလေဆိပ်၌ ဩဂုတ် ၇ရက်က အပေါ့စားလေယာဉ်ငယ်တစ်စင်း ပျံတက်ပြီး မကြာမီပျက်ကျခဲ့ရာ လေးဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ နော်ဝေနိုင်ငံမြောက်ပိုင်း မိုင် ၃၁၀ ခန့်အကွာကမ်းလွန်တွင် ဩဂုတ် ၁၀ရက်က ရေခဲတုံးကြီးတစ်တုံး ကမ္ဘာလှည့်ခရီးသွားများပါရှိသော သင်္ဘောတစ်စင်းအား တိုက်မိခဲ့ရာ ခရီးသည် ၁၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း နော်ဝေမီဒီယာများက ဖော်ပြသည်။

❖ **ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့အနီး ပင်လယ်နက်ဆိပ်ကမ်းတစ်ခု၌ ပျက်စီးနေသော အမေရိကန်ရေတပ်သင်္ဘောတစ်စင်းအနီးမှ ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော ပေါင် ၁၁၀၀ ရှိသည့် ဗုံးတစ်လုံးကို ဩဂုတ်၁၀ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း ယူကရိန်းအာဏာပိုင်များက ပြောကြားသည်။**

❖ အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့တွင် ရေခဲတုံးများဖြင့် တည်ဆောက်ထားသော စားသောက်ဆိုင်တစ်ဆိုင် ကို ဩဂုတ် ၁၀ ရက်က စတင်ဖွင့်လှစ်လိုက်သည်။ အဆိုပါ စားသောက်ဆိုင်တွင် စားပွဲများနှင့်ထိုင်ခုံများကို ရေခဲတုံးများဖြင့် ထူးခြားစွာ ပြုလုပ်ထားကြောင်း သိရသည်။ **(အင်တာနက်)**

နည်းပညာများလေ့လာ၍ ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ စံပြစိုက်ပျိုးထူးချွန်ဆု ဂုဏ်ပြုချီးမြှင့်

● **ရွှေဖုံးမှ**

ဆက်လက်၍ ကြယ်နီ သီဟိုဠ်သရက်ခြံစိုက်ခင်းတည်ရှိရာအုတ်တွင်းမြို့မှ ငါးမိုင်ခန့်ကွာဝေးပြီး ပင်လယ်ရေ မျက်နှာပြင်မှ ပေ၈၀၀နှင့် ပေ၁၀၀၀အကြား အမြင့်ရှိသော စိုက်ခင်းတည်ရှိရာ ပဲခူးရိုးမတောင်ပေါ် ဒေသသို့ ရောက်ရှိသွားခဲ့သည်။

စိုက်ခင်းတာဝန်ခံ ဦးဝင်းရွှေက ရှင်းလင်း ပြောကြားရာတွင် “မိမိတို့လုပ်ငန်းကို ၂၀၀၀ပြည့်နှစ်မှ စတင်ကာ ဧက၃၅၀ဖြင့် စိုက်ပျိုးခဲ့ရာ ယခုအခါ ဧက ၇၀၀ခန့် စိုက်ပျိုးနိုင်ခဲ့ပြီး သီဟိုဠ်ပင် ၃၄၀၀၀ကျော် စိုက်ပျိုးထားခဲ့သည်။ ဆက်လက်၍ ဧက ၁၅၀၀အထိ စိုက်ပျိုးရန် ရည်ရွယ်ထားရှိကြောင်း၊ မိမိတို့ အနေဖြင့် စိုက်ပျိုးရေး နည်းပညာရှင်မဟုတ်သော်လည်း ဝါသနာအရ နည်းပညာများလေ့လာ၍ ကြိုးစားဆောင်ရွက်ခဲ့ရာမှ ကြယ်နီသီဟိုဠ် သရက်ခြံလုပ်ငန်းသည် ၂၀၀၂ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၃ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၇ခုနှစ်တွင် တစ်ကြိမ် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်သည့် စံပြစိုက်ပျိုးထူးချွန်ဆု ရရှိခဲ့ကြောင်း”ပြောကြားသည်။

ပြည်ပဈေးကွက်

သီဟိုဠ်သရက်အဆံမှာ ဈေးကောင်းပြီး ပြည်ပဈေးကွက်သို့ အချိန်အခါမရွေး ရောင်းချနိုင်သော သီးနှံထွက်ကုန်ဖြစ်သဖြင့် သီဟိုဠ်သရက်သည် ဈေးကွက်အာမခံချက်ရှိသော နှစ်ရှည်ပင်ဖြစ်သည်။ သီဟိုဠ်အဆံမှာ ဆိမ့်ပြီး ထူးကဲသောအရသာရှိသဖြင့် တန်ဖိုးကြီးမားလှသည်။ ပရိုတိန်းဓာတ်ကြွယ်ဝပြီး သကြားဓာတ်နည်းသဖြင့် ကျန်းမာရေးနှင့် ညီညွတ်ကိုက်ညီသော အစားအစာဖြစ်သည်။ သီဟိုဠ်သရက်ပင်မှ သီဟိုဠ်အဆံအပြင် သီဟိုဠ်စေ့ အခွံဆီ၊ သီဟိုဠ်သရက်သီးမှ ဝိုင်စသည့် အဖျော်ယမကာများနှင့် ယိုများကိုလည်း ထုတ်လုပ်နိုင်သဖြင့်

ရှင်းပြ

သီဟိုဠ်သရက် စိုက်ပျိုး ထုတ်လုပ်မှုနှင့် ပတ်သက်၍ စိုက်ခင်း တာဝန်ခံ ဦးဝင်းရွှေက မြန်မာ့အလင်းသို့ရှင်းပြစဉ်။ (မြန်မာ့အလင်း)

သီဟိုဠ် သရက်ပင်သည် အသုံးဝင်သော သီးနှံပင်ဖြစ်ပေသည်။

ထွက်ရှိ

သီဟိုဠ်အထွက်နှုန်းမှာ ဒေသအလိုက် ကွာခြားပြီး ပျမ်းမျှအနေနှင့် တစ်ဧက ပိဿာ၂၀မှ ပိဿာ၅၀ အတွင်းထွက်ရှိသည်။ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းများတွင် အဓိကစိုက်ပျိုးလျက်ရှိရာ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ သို့ရာတွင် ပဲခူးတိုင်း တောင်ငူခရိုင်ရှိ အုတ်တွင်းမြို့နယ်မှာ ဒုတိယအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် ဒေသဖြစ်သည်။

သီဟိုဠ်သရက်ပင်သည် ပင်စည်အနိမ့်ပိုင်းတွင် ကိုင်းဖြာထွက်သော အမြစ်မိန်းပင်တစ်မျိုး ဖြစ်ပါသည်။ အပင်ပေါက်စ အမြစ်လောင်းသည် လျင်မြန်စွာ ရှည်ထွက်လာပြီး ရေသောက်မြစ်ဖြစ်လာပါသည်။ ယင်းမှ ဘေးအမြစ်များ ထွက်ပေါ်လာသည်။ သီဟိုဠ်သရက်ပင်သည် အမြစ်ဖွဲ့စည်းမှု အလွန်အားကောင်းသော အပင်မျိုးဖြစ်ပါသည်။ ထို့ကြောင့် အပင်စိုပ်လွန်းသွားပါက အပင်အမြစ်များ အစာရေစာကို ယှဉ်ပြိုင်လုယူစားသုံးရမှုများသော သီးနှံပင်ဖြစ်ပါသည်။ အသီးသီးမည့် ကိုင်းဖျားတွင် အရွက်ပိုများပါသည်။ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ထွက်သော အညွန့်သစ်များထိပ်ဖျားမှ ပန်းခိုင်သဖွယ် ထွက်လာပါသည်။ ပန်းခိုင်ဖူးစမြင်ရသည်မှ အရွယ်ရောက်ရန် ၁၇ရက်ကြာပါသည်။ ပန်းခိုင်စထွက်ပြီး ငါးပတ်ခန့်အကြာတွင် ပန်းစတင်ပွင့်လေသည်။ အသီးဖြစ်လာမည့် အပွင့်များအားလုံး၏ ၈၀ရာခိုင်နှုန်းမှာ ဒီဇင်ဘာမှ ဇန်နဝါရီလအတွင်း ပွင့်ပြီး အသီး သီးလေ့ရှိသည်။ ကုန်းတွင်းပိုင်းဒေသများတွင် ပန်းပွင့်ချိန် နောက်ကျလေ့ရှိကြောင်း သိရသည်။

ဖြစ်ထွန်း

သီဟိုဠ်သရက်ပင်သည် မြေသားထူပြီး နုန်းမြေနှင့်သဲဆန်သော နုန်းမြေများတွင် အကောင်းဆုံး ဖြစ်ထွန်းလေသည်။ ရေစိမ့်စီးဆင်းမှုကောင်းသည့် ရေမဝပ်သော မြေ၊ လေဝင်လေထွက်ကောင်းသော မြေ၊ အစိုဓာတ်ထိန်းနိုင်သော မြေများကို ရွေးချယ်စိုက်ပျိုးသင့်ပေသည်။ တောင်စောင်းများတွင် သီဟိုဠ်သရက်ကို စိုက်ပျိုးပါက မြေဆီသြဇာများ တိုက်စားဆုံးရှုံးမှု ရှိနိုင်သဖြင့် ထိန်းသိမ်းကာကွယ်မှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ တောင်ကုန်းအစောင်း ၅ရာခိုင်နှုန်းနှင့် ယင်းထက် အစောင်းပြေပြစ်သော တောင်ကုန်းများတွင်သာ ရွေးချယ်စိုက်ပျိုးသင့်ပေသည်။

အကောင်းဆုံး

သီဟိုဠ်သရက်ပင်မှာ အခြေခံအားဖြင့် ပင်ခြားဝတ်မှုန်ကူးသည့် အပင်မျိုးဖြစ်သဖြင့် သီးနှံ အထွက်နှုန်းကောင်းစေရေးအတွက် အထွက်နှုန်းကောင်းသော မိခင်ပင်အား ရွေးချယ်ကာ မျိုးပွားစိုက်ပျိုးနည်းမှာ အကောင်းဆုံးဖြစ်သည်။ မျိုးအဖြစ်အသုံးပြုမည့် အထွက်ကောင်း သီဟိုဠ်သရက်ပင်များ ရွေးချယ်ရာတွင် အပင်သက် ခုနစ်နှစ်နှင့်အထက်ရှိသော အပင်များ၊ အပင်ရွက်အုပ်ကျစ်လျစ်သိပ်သည်းကာ ကိုင်းများများထွက်သောအပင်ကို ရွေးချယ်ခြင်း၊ အပွင့်နှုန်းများသောအပင်များကို ဒေသအတွင်း ဖြစ်ထွန်းပြီးဖြစ်သော သီဟိုဠ်သရက်ခြံများတွင် သွားရောက်လေ့လာပြီး မျိုးရွေးချယ်အသုံးပြုရန် အရေးကြီးလှပေသည်။

သက်တမ်း

စိုက်ပျိုးနည်းစနစ်များမှာ မျိုးစေ့များအား ပျိုးထောင်ကာ စိုက်ပျိုးနည်း၊ မျိုးစေ့များအား တိုက်ရိုက်စိုက်ခင်းတွင် စိုက်ပျိုးနည်း၊ ကိုင်းဆက်ပင်များစိုက်ပျိုးနည်းစနစ်တို့ဖြင့် စိုက်ပျိုးနည်းများ ရှိပေသည်။ အပင်သက်တမ်း သုံးနှစ်၊ လေးနှစ်တွင် စတင် သီးပွင့်လေ့ရှိပါသည်။ သီဟိုဠ်သရက်သည် ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ မြေညံ့များ တွင်လည်း ဖြစ်ထွန်းနိုင်ခြင်း၊ စိုက်ပျိုးရန် မျိုးစေ့များကို ပြည်တွင်း၌ပင် ရရှိနိုင်ခြင်းတို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်သော သီးနှံဖြစ်သည်။ ပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးနိုင်သဖြင့် နိုင်ငံခြားဝင်ငွေများ တိုးမြှင့်ရရှိစေလျက် သီဟိုဠ် စိုက်ပျိုးခြင်းဖြင့် ပြည့်အကျိုးစီးပွား ဆတိုးဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။

သီဟိုဠ်သရက်စိုက်ခင်း ဖြစ်ထွန်းအောင်မြင်ရေးအတွက် နည်းစနစ်မှန်ကန်စွာ အသုံးပြုဆောင်ရွက်ခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းအောင်မြင်ပေမည်။ ကိုင်းဆက်ပင်အချို့မှ စစိုက်သည့် နှစ်တွင်လည်းကောင်း၊ ဒုတိယနှစ်တွင်လည်းကောင်း စပွင့်သည့် အပွင့်များကို အကိုင်းအခက်နှင့် ရွက်အုပ်များကြီးထွားသန်စွမ်းစေရေးအတွက် အပွင့်ခိုင်များကို ဖယ်ရှားပေးရသည်။ တတိယနှစ်မှစ၍ ထွက်သော အပွင့်ခိုင်များကိုသာ အသီးများ ရယူရပေသည်။

ပေါင်းရှင်းရန်

စိုက်ပျိုးသော သီဟိုဠ်သရက်ပင် ရှင်သန်ဖြစ်ထွန်းရေး၊ ကြီးထွားမှုကောင်းမွန်ရေး၊ နောက်ပိုင်းတွင် အသီးထွက်နှုန်း ကောင်းမွန်ရေးအတွက် ပေါင်းပင်များအား အချိန်မှန်ရှင်းလင်းပေးရန် လိုအပ်ပေသည်။ ယင်းပေါင်းပင်များအား ပေါင်းသတ်ဆေးကိုသုံး၍လည်းကောင်း၊ အမြစ်ပါအောင် တူးထုတ်၍လည်းကောင်းရှင်းလင်းရသည်။ သီဟိုဠ်သရက်ပင်၏ပတ်လည်ခြောက်ပေအတွင်း အမြဲပေါင်းရှင်းလင်းစေရန် လိုအပ်ပါသည်။

ကြီးထွားမှု

အပင်ကြီးထွားမှု၊ ပွင့်သီးမှုနှင့် အထွက်နှုန်းများ ကောင်းမွန်စေရန်အတွက် ဓာတ်မြေသြဇာများ မှန်မှန်ကျွေးပေးရန်နှင့် အပင်သက်တမ်းအလိုက် လိုအပ်သော ဓာတ်မြေသြဇာနှင့် နှုန်းထားအတိုင်း နည်းစနစ် မှန်ကန်စွာ ကျွေးမွေးရပေသည်။ နှစ်ရှည်ပင်ဖြစ်၍ မိုးများသည့် ဒေသများတွင် တောင်စောင်းများ၌ မြေဆီလွှာများ မိုးရေများဖြင့် မျောပါဆုံးရှုံးသွားပါက အပင်အတွက် ရေရှည်တွင် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်သဖြင့် မြေဆီခံမြောင်းများ၊ လှေကားထစ်များပြုလုပ်ပေးရန် လိုအပ်သည်။

အရည်အသွေး

သီဟိုဠ်သရက်သက်တမ်းမှာ သုံးနှစ်မှ ငါးနှစ်အတွင်း ပန်းစတင်ပွင့်၍ အသီးရရှိနိုင်ပါသည်။ စီးပွားဖြစ် သီးပွင့်မှု၊ အပင်သက်တမ်းရှစ်နှစ်ရောက်ရှိမှသာ ဖြစ်ထွန်းနိုင်သည်။ ကောင်းစွာရင့်သော အစေ့များရရှိရန်အတွက် အသီးများအား အပင်မှ ခူးဆွတ်ခြင်း မပြုရပါ။ အပင်ခြေတွင် အသီးနှင့်အတူ ကြွေကျသော အစေ့များကို နေ့စဉ်ကောက်ယူရသည်။ အစေ့များ နေ့စဉ်ကောက်ယူခြင်းမပြုပါက အစေ့များ၏ အရည်အသွေး ကျဆင်းသွားနိုင်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာခြင်းဖြင့် သီဟိုဠ်သရက်မှာ ဈေးနှုန်းကောင်းပြီး ပြည်တွင်းပြည်ပ ဈေးကွက်၌ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးအတွက် မြန်မာ့နှစ်ရှည်ပင်များအနက် အုတ်တွင်းမြို့နယ်ကြယ်နီ သီဟိုဠ် သရက်ခြံမှ သီဟိုဠ်သရက်ပင် စိုက်ပျိုးရေးလုပ်ငန်းအား ကွင်းဆင်းလေ့လာ စေ့ငုတင်ပြလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဗီတာမင်ချို့တဲ့မှုနှင့် ဆီးချိုရောဂါ ဆက်စပ်မှုရှိ

သာမန် ဗီတာမင်ချို့တဲ့မှု တစ်ခုသည်ပင်လျှင် ဆီးချိုရောဂါ၏ ဘေးထွက်ဆိုးကျိုးအများအပြား၏အကြောင်းရင်း ဖြစ်ကောင်းဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

လူပေါင်း ၉၄ ဦးကို လေ့လာကြည့်ရာ၌ ဆီးချိုရောဂါရှိသူများသည် ၎င်းတို့၏ခန္ဓာမှ သိုင်ယာမင်ခေါ် ဗီတာမင် ဘီ–၁ ကို ပုံမှန်နှုန်းထက် ၁၅ ဆ ပိုမိုမှုတ်ထုတ်ပစ်ကြောင်း သုတေသီများက တွေ့ရသည်ဆို၏။

ထောက်ကူ

ဗီတာမင် ဘီ–၁ သည် နှလုံးရောဂါ၊ မျက်စိရောဂါကဲ့သို့သောရောဂါများကို ကာကွယ်တားဆီးရာတွင် အထောက်အကူပေးကြောင်း ဝါးဝစ်တက္ကသိုလ် သုတေသီတစ်စုက ပြောဆိုသည်။

အသား၊ တဆေးနှင့် နံ့စားပင်အစေ့တို့တွင် တွေ့ရသော ဗီတာမင် ချို့ယွင်းမှုကို ဆီးချိုရောဂါရှင်များ၌ ပထမဆုံးတွေ့ရခြင်းဖြစ်သည်။

အဓိက

ဆီးချိုရောဂါသည် ၈၀ရာခိုင်နှုန်းသည် နှလုံးရောဂါဖြင့် သေဆုံးတတ်ပြီး ဆီးချိုရောဂါသည် ဗြိတိန်အလုပ်သမားထုအတွင်း မျက်စိကွယ်စေသည့် အဓိကအကြောင်းရင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးစိန်ဟန်–ဒေါ်ခင်စောအားရည်စူး၍ သမီး ဒေါ်မူမူဟန်၊ မြေး မောင်ထွန်းထွန်းဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းငါးထောင်ကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ဒေါက်တာ အရှင်ဝိစိတ္တ (MA)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၂–၈–၂၀၀၇ရက်

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၆။ အဆိုပြိုင်ပွဲ
၈း၁၅ ၇။ ဘိုင်းဒါးရေလွှဲဆည်
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ရုပ်မြင်သံကြားဇာတ်လမ်း **ရဟန်းစားရသောဆွမ်းတစ်နပ်** ဇော်လင်း၊ အံ့ကျော်၊ မြတ်သစ်၊ နေမျိုး (ဒါရိုက်တာ–မောင်နှင်းမိုး)
၁၂း၅၀ ၅။ ယဉ်ကျေးမှုအမွေ သမိုင်းသက်သေ (ဗိဿနိုးမြို့ဟောင်းတူးဖော်မှု)
၁၃း၂၅ ၆။ အတီးပြိုင်ပွဲ
၁၃း၃၀ ၇။ မျှဝေဖေးကူအလင်းအလှူ နိုင်းတုမရ မြတ်ဒါန
၁၃း၄၀ ၈။ တေးဂီတအစီအစဉ်
၁၃း၅၅ ၉။ အကပြိုင်ပွဲ
၁၄း၁၅ ၁၀။ **"မင်းမသိသေးပါဘူးကွာ"** ဇော်၊ ၄က်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ–ဆွေဇင်ထိုက်)
၁၄း၃၅ ၁၁။ လုပခံ့ညားဖျာပုံတံတား
၁၄း၄၅ ၁၂။ International News
၁၅း၀၀ ၁၃။ အစီအစဉ်ပြီး၏

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက–၁၊မှော်ဘီ) [အမျိုးသမီးဝတ်ရွတ်အဖွဲ့]
၁၆း၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာ အထူးပြု) [ဥပဒေပညာ]
၁၇း၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၂၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၇။ ညနေခင်းသတင်း
၁၈း၃၀ ၈။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၉။ သီရိဂေဟာ
၁၉း၀၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း–၅၁)
၂၀း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနှောင်ကြိုး** (အပိုင်း–၁၄)
၁၅။ နောက်တစ်နေ့အစီအစဉ်
၁၆။ အစီအစဉ်ပြီး၏။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းဆင်းပွဲများကျင်းပ တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၄၅)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၇)နှင့် အိမ်တွင်းမှု လက်မှုသင်တန်း (ကြိမ်/ဝါး)အမှတ်စဉ်(၁)ဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက်က ယင်းသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက် အောင်မြင်

အဆိုပါသင်တန်းအသီးသီးသို့ သင်တန်းသူစုစုပေါင်း ၆၇ဦး သင်တန်းတက်ရောက်အောင်မြင်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် တိုင်းမှူးက သင်တန်းသူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ထောက်ပံ့ပြီး တိုင်းမှူး၏ ဇနီး ဒေါ်ချယ်ရီက အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၇)မှ ထူးချွန်ဆုရရှိသည့် ကျောင်းသူ မဂျာမလီအား အပ်ချုပ်စက်ခေါင်း တစ်လုံး ပေးအပ်ချီးမြှင့်သည်။

တစ်ပြိုင်တည်းကျင်းပ

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူဆယ်၊ ကချင်ပြည်နယ်ရှိ ပူတာအို၊ ဒေါ့ဖုန်းယန်နှင့် ဗန်းမော်၊ ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာများရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဆင်းပွဲများကိုလည်း အဆိုပါနေ့တွင် တစ်ပြိုင်တည်းကျင်းပကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးနေ့အလှူ

ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် အမက(၁၀)ဗဟန်း တတိယတန်းမှ မောင်စိုးသူရိန်မျိုး၏ (၉)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ကျောင်းသား ကျောင်းသူများအား ကြာဆံချက်ကျွေးမွေးစဉ်။ (က–ပ)

ရင်သွေး ရတနာများအတွက် မိဘတိုင်း သိမှတ်ဖွယ်ရာအဖြာဖြာ ဟောပြောပွဲကျင်းပ

သတင်းမှတ်စု–မောင်ချစ်ကြည်၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၁

Good Health ကျန်းမာရေးနှင့် အလှအပ ဂျာနယ်၏ အထူးအစီအစဉ်ဖြင့် ကျန်းမာရေးပညာပေးဟောပြောပွဲ(၅/၂၀၀၇)ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ International Health & Beauty Centre ၌ ယနေ့ ညနေ ၄ နာရီက ကျင်းပသည်။

ဟောပြော

အခမ်းအနားသို့ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ မီဒီယာသမားများနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြပြီး ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်က **"ရင်သွေးရတနာလေးများအတွက် မိဘတိုင်း သိမှတ်ဖွယ်ရာ အဖြာဖြာ"** ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောသည်။

ရှင်းပြ

ထိုသို့ ဆွေးနွေးဟောပြောရာတွင် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်က ကလေးငယ်များကို ပြုစုစောင့်ရှောက်ရာ၌ မမွေးဖွားခင်ကပင် ကြိုတင်ပြင်ဆင်ဂရုစိုက်သင့်ကြောင်း၊ ကိုယ်ဝန်ရှိစဉ်ကပင် ဆရာဝန်များနှင့် စနစ်တကျ ပြသသင့်ကြောင်း ရှင်းပြသည်။

ဉာဏ်ရည်နိမ့်

ထို့နောက် သားသမီးယူရာတွင် မိခင်တစ်ဦးအနေဖြင့် အသက် ၄၀ ကျော်လျှင် သားသမီးမယူသင့်ကြောင်း၊ ယင်းမှာ မွေးဖွားလာသည့် ကလေး၌ ဉာဏ်ရည်နိမ့်တတ်ပြီး ဦးနှောက်ဖွံ့ဖြိုးမှု အားနည်းတတ်၍ဖြစ်ကြောင်း၊ သားသမီးယူရာတွင်လည်း ကလေးတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးနှစ်ခြားပြီးမှ ယူသင့်ကြောင်း၊ မွေးဖွားရာ၌လည်း ဆေးရုံ၊ ဆေးခန်းတွင်သာ မွေးသင့်ကြောင်း ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်က ပြောကြားသည်။ **(အောက်ပုံ)**

ဖြေကြား

ထို့အပြင် ခြောက်လအောက် ကလေးငယ်များအား မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးသင့်ကြောင်း၊ကာကွယ်ဆေးများထိုးသင့်ကြောင်း၊ ကလေးမွေးပြီး မိခင်များအနေဖြင့် အစားရှောင်ရန် မလိုကြောင်း၊ ခြောက်လမှ တစ်နှစ်အရွယ်ကလေးများအား ဖြည့်စွက်အစာအဖြစ် အိမ်မှာဆန်ပြုတ်၊ ထမင်းပျော့ပျော့တို့ကိုသာ ကျွေးရန်လိုကြောင်း၊ ကလေးငယ်ကို အချိန်စောစွာ နို့ဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ ကလေးနို့စို့နိုင်သလောက် အသက်နှစ်နှစ်၊ သုံးနှစ်အထိ တိုက်ရန်လိုကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသွားပြီး ဟောပြောပွဲ တက်ရောက်လာသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။ ။

(မြန်မာ့အလင်း)

*** ကျောဖုံးမှ**

ပိုမိုများပြား

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့် အပူချိန်များလွန်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ အအေးဓာတ်လွန်ကဲခြင်းများ တစ်နှစ်ထက်တစ်နှစ် မတူအောင် ထူးခြားစွာ ဖြစ်ပေါ်နေသဖြင့် ကလေးငယ်များသည် ရာသီဥတုဒဏ်ကို ပိုမိုခံစားကြရပြီး ရောဂါဘယဖြစ်ပွားမှုလည်း ပိုမိုများပြားလာခြင်းဖြစ်သည်။

ကြောက်စရာမလို

မိုးရာသီတွင် ကလေးငယ်များအား အန္တရာယ်အပေးဆုံးရောဂါနှင့် ပတ်သက်၍ မေးမြန်းရာ "မိုးရာသီမှာ ကလေးငယ်တွေကို အန္တရာယ်အပေးဆုံး ဖြစ်လာတဲ့ရောဂါကတော့ သွေးလွန်တုပ်ကွေးရောဂါပါပဲ။ ဒီရောဂါဟာ မြန်မာနိုင်ငံမှာသာမက နိုင်ငံတကာမှာလဲ အဖြစ်များကြပါတယ်။ ဒါပေမယ့် စနစ်တကျ ကာကွယ်ကုသရင် ဘာမှကြောက်စရာမလိုပါဘူး"ဟု ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

မသန့်ရှင်းတဲ့ အစားအစာတွေကို မစားမိစေဖို့ ကလေးငယ်တွေကို မိဘတွေက ဂရုစိုက်ကြရမယ်

တိကျစွာလိုက်နာ

ထို့အပြင် သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်ရာ၌ ခြင်မကိုက်အောင် ဂရုစိုက်ခြင်း၊ နေအိမ်နှင့်ကျောင်းများတွင် ခြင်များမခိုကပ်မပေါက်ပွားအောင် ဖုံး၊ သွန်၊ လဲ၊ စစ်ဆိုသည့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို မိဘများအနေဖြင့် တိကျစွာလိုက်နာဆောင်ရွက်ကြရန်လိုအပ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းစသည့် အချက်များအပြင် ကလေးငယ်များအိမ်၌ နေစဉ်တွင်လည်းကောင်း၊ ကျောင်း၌ စာသင်စဉ်အချိန်များတွင်လည်းကောင်း ခြင်ကိုက်မခံရအောင် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီနှင့်စကတ်အရှည်များကို လုံလုံခြုံခြုံ ဝတ်ဆင်ပေးရန်လိုအပ်ကြောင်းလည်း ဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်က ဆက်လက်ရှင်းပြသည်။

အဆင့်သတ်မှတ်

တစ်ဖန် ကလေးငယ်များတွင် အဖြစ်များသော သွေးလွန်တုပ်ကွေးနှင့် ပတ်သက်၍လည်း "သွေးလွန်တုပ်ကွေးဖြစ်တိုင်း အစိုးရိမ်လွန်ပြီး ဆေးရုံသွားစရာမလိုပါဘူး၊ အဆင့်သတ်မှတ်ချက်တွေရှိတယ်၊ အဆင့်(၁)ဆိုရင် အိမ်မှာနေပြီး ကုသလို့ရပါတယ်၊ ကလေးဟာ ကော်ဖီရောင် အန်ရင်၊ ကတ္တရာစေးရောင် ဝမ်းသွားရင်၊ ခြေဖျား၊ လက်ဖျားတွေအေးစက်ပြီး မှိန်းနေရင်တော့ ဆေးရုံကို အမြန်သွားပြရမှာဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

တစ်ကိုယ်ရေသန့်ရှင်းရေး

ထို့နောက် မိုးရာသီတွင် ကလေးငယ်များအဖြစ်များသော ဝမ်းလျှော၊ ဝမ်းပျက်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍လည်း "ဝမ်းလျှော၊ ဝမ်းပျက်ရောဂါကလဲ မိုးရာသီမှာ ကလေးငယ်တွေ အဖြစ်များကြပါတယ်၊ ဒီရောဂါမဖြစ်ပွားအောင် မသန့်ရှင်းတဲ့ အစားအစာတွေကို ကလေးငယ်တွေ မစားစေအောင် မိဘတွေက ဂရုစိုက်ရမယ်၊ အတတ်နိုင်ဆုံး အိမ်ကအစားအစာတွေကိုပဲ သန့်သန့်ရှင်းရှင်း ချက်ပြုတ်ကျွေးမွေးဖို့ လိုအပ်ပါတယ်။ ပြီးတော့ တစ်ကိုယ်ရေသန့်ရှင်းရေးကိုလဲ ဂရုတစိုက်လုပ်ပေးရမယ်၊ ဒီအချက်တွေဟာ လူတိုင်းသိထားတဲ့ အချက်တွေဖြစ်ပေမယ့် တကယ်တမ်းလက်တွေ့မှာ လိုက်နာကျင့်သုံးကြဖို့ လိုအပ်ပါတယ်"ဟု ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်က ပြောကြားသည်။

ဝမ်းလျှော၊ ဝမ်းပျက်

ထို့အပြင် ဝမ်းလျှော၊ ဝမ်းပျက်ရောဂါဖြစ်ပွားပါက အကောင်းဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် မည်သို့ဆောင်ရွက်ရမည်ကို မေးမြန်းရာ "ကလေးတွေ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါဖြစ်ပွားရင် သတိထားရမယ့်အချက်က ဝမ်းပိတ်ဆေးမတိုက်မိဖို့ပါပဲ။ အဲဒီဝမ်းပိတ်ဆေးကြောင့် ကလေးအခြေအနေပိုဆိုးသွားနိုင်ပါတယ်။ တကယ်ပြုလုပ်သင့်တာက ဓာတ်ဆားရည်ကို ထိထိရောက်ရောက် တိုက်ပေးဖို့ပါ။ ပြီးရင် ဆေးရုံ၊ ဆေးခန်းကို အမြန်သွားပြတာ အကောင်းဆုံးပါပဲ"ဟုလည်း ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ကြိုတင်ကာကွယ်

တစ်ဖန်မိုးရာသီတွင် ကလေးငယ်များ ဝဲပေါက်တတ်ကြကြောင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးကို နေ့စဉ် မှန်မှန်ဆောင်ရွက်ပေးသင့်ကြောင်း၊ ယင်းမှာ မိဘများက ဂရုစိုက်ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိုးရာသီ၌ အအေးမိပြီး ဖျားနာမှု ဖြစ်တတ်ကြကြောင်း၊ ကလေးငယ်များ မိုးမမိစေရန်၊ မိုးမိပါက အမြန်ဆုံးခြောက်သွေ့အောင် အဝတ်နှင့်သုတ်ပြီး နွေးနွေးထွေးထွေးထားရန် လိုကြောင်း၊ ကလေးငယ်များ ရောဂါဖြစ်မှကုသခြင်းထက် ကျန်းမာရေးဗဟုသုတရှိစွာ ကြိုတင်ကာကွယ်မှုပြုလုပ်ကြရန် အထူးအရေးကြီးကြောင်း ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်၏ ရှင်းပြသွားမှုများကို မိဘပြည်သူများ ကျန်းမာရေးဗဟုသုတတိုးပွားစေရန် တွေ့ဆုံမေးမြန်းတင်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ချယ်ရီကားအရောင်းပြခန်းတစ်ခုတွင် ပြသထားသည့် ချယ်ရီအေ-၅ အမျိုးအစား မော်တော်ကားတစ်စီးအား အရောင်းမြှင့်တင်ရေးဝန်ထမ်းတစ်ဦးက ပြသနေသည်ကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေနံရှာဖွေမှုများ ပူးပေါင်းဆောင်ရွက်ရန် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ်ကုမ္ပဏီများသဘောတူညီ

ဂျကာတာ ဩဂုတ် ၁၁

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်းတွင် ရေနံရှာဖွေမှုများ ပူးတွဲဆောင်ရွက်ရန် အင်ဒိုနီးရှားနိုင်ငံပိုင် ပါတာမီနား ရေနံကုမ္ပဏီသည် မလေးရှားနှင့်ဗီယက်နမ်နိုင်ငံတို့မှ ရေနံကုမ္ပဏီများနှင့် သဘောတူလက်မှတ် ရေးထိုးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားမီဒီယာများက ဩဂုတ် ၉ရက်၌ ဖော်ပြသည်။

အဆိုပါရေနံကုမ္ပဏီသုံးခုတို့ ပူးတွဲဆောင်ရွက်မည့် စီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၅၀ခန့်ရှိသည်။

ထည့်ဝင်ကြမည်

ထိုငွေများကို ဗီယက်နမ်မှ ပက်ထရို ဗီယက်နမ်ကုမ္ပဏီ၊ မလေးရှားမှ ပက်ထရို နပ်စ်ကုမ္ပဏီနှင့် အင်ဒိုနီးရှားမှ ပါတာမီနာ ကုမ္ပဏီတို့က ထည့်ဝင်ကြမည်ဖြစ်သည်။

ပြောကြား

မလေးရှားနှင့်ဗီယက်နမ်နိုင်ငံများမှ ရေနံကုမ္ပဏီများက မိမိတို့နှင့်အတူ ရှယ်ယာထည့်ဝင်ကြမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းများဆောင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း အင်ဒိုနီးရှားစွမ်းအင်ဝန်ကြီး ပူရာနိုမိုယူဂင်တိုရိုက ဩဂုတ် ၇ရက်၌ ပြောကြားသည်။

အဆိုပါရေနံရှာဖွေရေးစီမံကိန်းကို အရှေ့ဂျာဗားရှိ ရန်ဒူဂန်တင်း ရေနံလုပ်ကွက်၌ အခြေစိုက်လုပ်မည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နီပေါ ရေဘေးဒုက္ခသည်များအတွက် ဩစတြေးလျက ထောက်ပံ့မည်

ခတ္တမန္ဒူ ဩဂုတ် ၁၁

နီပေါနိုင်ငံတွင် ရေဘေးဒုက္ခကြုံတွေ့ခံစားရမှုကြောင့် ဩစတြေးလျ နိုင်ငံက ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာခြောက်သိန်း ကူညီပေးမည်ဖြစ်ကြောင်း နီပေါမီဒီယာများက ဩဂုတ် ၉ရက်၌ ဖော်ပြသည်။

ပေးအပ်မည်

အဆိုပါ ထောက်ပံ့ငွေကြေးများကို ဩစတြေးလျအစိုးရက နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်းမှတစ်ဆင့် ပေးအပ်မည်ဖြစ်သည်။ ထိုငွေကြေးများ အနက် စားနပ်ရိက္ခာ ထောက်ပံ့ဖြည့်ဆည်းရေးအတွက် အမေရိကန်ဒေါ်လာ ငါးသိန်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာတစ်သိန်းကို နီပေါကြက်ခြေနီအဖွဲ့သို့ ပေးအပ်မည်ဖြစ်သည်။

ယခုနှစ်မိုးရာသီကာလတွင် တောင်အာရှဒေသတစ်ဝန်းရှိ လူသန်း ၄၀ခန့်မှာ ရေလွှမ်းမှုဒဏ် ကြုံတွေ့ခံစားခဲ့ရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နှစ်ပေါင်းများစွာက အဏုဇီဝရုပ်များ ပြန်လည်သက်ဝင်နိုင်

လန်ဒန် ဩဂုတ် ၁၁

တောင်ဝင်ရိုးစွန်း ရေခဲပြင်အောက်၌ ပိတ်မိနေသော နှစ်ပေါင်း ရှစ်သန်းခန့်က အဏုဇီဝရုပ်များကို ဓာတ်ခွဲခန်းအတွင်း သုတေသီများက ပြန်လည် ဖော်ထုတ်လိုက်သည်။

အမေရိကန်နိုင်ငံ နယူးဂျာဆီ ပြည်နယ် ရပ်ဂါတက္ကသိုလ်မှ ဒေါက်တာ ကေဘီဒယ်နှင့်အဖွဲ့က တောင်ဝင်ရိုးစွန်း ဘီကွန်နှင့် မာကင်းတောင်ကြားများရှိ ရေခဲမြစ်တစ်ခု၏မျက်နှာပြင်မှသုံးမီတာ နှင့် ငါးမီတာအနက်ရှိ ရေခဲမှ ဘက်တီးရီးယားများကိုထုတ်ယူကြသည်။ ဩဇာဓာတ်နှင့်လိုအပ်သည့် အပူပေးသည့်အခါတွင် အဏုဇီဝရုပ်များသည် ပြန်လည်သက်ဝင် လှုပ်ရှားလာသည်ကို တွေ့ရသည်။

ဤတွေ့ရှိချက်က ရေခဲအတွင်း အချိန်ကြာမြင့်စွာ စုခဲနေသည့် နှစ်ပေါင်းများစွာက အင်းဆက်ပိုးများသည် ရာသီဥတုပြောင်းလဲမှုကြောင့် ရေခဲမြစ်များ အရည်ပျော်စဉ် ပြန်လည်သက်ဝင်လှုပ်ရှားနိုင်သည့် အလားအလာကို ပြသကြောင်း ဖော်ပြနေသည်။**(အင်တာနက်)**

နာဂါဆာကီမြို့ကို အဏုမြူဗုံးကြဲချမှု နှစ်ပတ်လည်အထိမ်းအမှတ်ကျင်းပ

နာဂါဆာကီ ဩဂုတ် ၁၁

၁၉၄၅ခုနှစ် ဩဂုတ် ၉ရက်က ဂျပန်နိုင်ငံတောင်ပိုင်း နာဂါဆာကီမြို့ကို အမေရိကန်က အဏုမြူဗုံးကြဲချသည့် (၆၂)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲကို ဩဂုတ် ၉ရက်က နာဂါဆာကီမြို့ ငြိမ်းချမ်းရေးပန်းခြံ၌ ကျင်းပသည်။

လွန်ခဲ့သည့် ၆၂နှစ်တာကာလက နာဂါဆာကီမြို့ပေါ်သို့ အဏုမြူဗုံးကြဲချသည့် နံနက် ၁၁ နာရီ ၂ မိနစ်တိတိတွင် အခမ်းအနား တက်ရောက်လာကြသည့် ပရိသတ်များက ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်နေကြသည်။

ကတိပြု

နာဂါဆာကီမြို့တော်ဝန် တိုမီဟီဆာတောအေးက နှစ်ပတ်လည် ငြိမ်းချမ်းရေး ကြေညာချက်ကို ဖတ်ကြားသည်။ ထို့ပြင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံ၏ ငြိမ်းချမ်းရေး ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာမည်ဖြစ်ကြောင်း အာမခံလိုက်ပြီး ဂျပန်နိုင်ငံက နျူကလီးယားလက်နက်များကို မည်သည့်အခါမျှ မထုတ်လုပ်၊ လက်ဝယ် ပိုင်ဆိုင်ထားရှိခြင်းမပြု၊ နိုင်ငံပိုင်နက် နယ်မြေအတွင်းတင်သွင်းခွင့် မပြုပါဟူသော မူဝါဒသုံးချက်ကိုလည်း စွဲကိုင်ကျင့်သုံးမည်ဖြစ်ကြောင်း သူ့မိန့်ခွန်းတွင်ထည့်သွင်း ကတိပြုလိုက်သည်။

ဗုံးကြဲချ

အမေရိကန်က ၁၉၄၅ ခုနှစ် ဩဂုတ် ၉ရက်တွင် အဏုမြူဗုံးကြဲချလိုက်သည်နှင့် မျက်စိတစ်မှိတ်အတွင်းမှာပင် နာဂါဆာကီမြို့သူမြို့သား ၇၀၀၀၀ ခန့် ဇီဝိန်ချုပ်သွားခဲ့သည်။ နောက်ခြောက်ရက်အကြာတွင် ဒုတိယကမ္ဘာစစ်ကြီးလည်း အဆုံးသတ်သွားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နာဂါဆာကီမြို့ကို အမေရိကန်က အဏုမြူဗုံးကြဲချသည့် (၆၂)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲသို့ တက်ရောက်လာသည့် ဂျပန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၌ အကြွေးဝယ်ကတ် သုံးစွဲမှု မြင့်မားနေ

ဝါရှင်တန် ဩဂုတ် ၁၁

အမေရိကန်နိုင်ငံတွင် အကြွေးဝယ်ကတ် သုံးစွဲသူအရေအတွက်သည် ပြီးခဲ့သည့် ဇွန်လက ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အမေရိကန်သုတေသနအဖွဲ့မှ ဩဂုတ် ၇ ရက်က သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့်မေလက အမေရိကန်ပြည်သူတို့၏ အကြွေးဝယ်ကတ် သုံးစွဲမှုမှာ ၇ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ အမြင့်ဆုံးအနေအထား ရောက်ရှိခဲ့သည်။

မြင့်မားလာ

အကြွေးဝယ်ကတ် သုံးစွဲမှုအပါအဝင် ငွေချေးမှုများလည်း မြင့်မားလာခဲ့ကြောင်း၊ ငွေချေးမှုအနေအထားမှာလည်း ပြီးခဲ့သည့်ဇွန်လက ၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ အဆိုပါအဖွဲ့မှ ထုတ်ပြန်သော စာရင်းအင်းများ၌ ဖော်ပြသည်။

ဖော်ပြ

အမေရိကန်နိုင်ငံတွင် ပြီးခဲ့သည့်ဇွန်လအတွင်း အကြွေးဝယ်ကတ်များဖြင့် သုံးစွဲမှုနှင့် ချေးငွေများအပါအဝင် ငွေကြေးသုံးစွဲမှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄၅၉ ထရီလီယံ ရှိခဲ့ကြောင်း အဆိုပါစာရင်း၌ ဖော်ပြသည်။
အမ်အင်န်အေ၊ဆင်ဟွာ

စင်ကာပူနိုင်ငံတွင် ကျင်းပသော မိခင်နို့ တိုက်ကျွေးရေး အခမ်းအနားတွင် မိခင်များက ၎င်းတို့၏ ရင်သွေးငယ်များအား မိခင်နို့ တိုက်ကျွေးနေကြသည်ကို ဩဂုတ် ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်၌ ရဟတ်ယာဉ်ပျက်ကျ

လန်ဒန် ဩဂုတ် ၁၁

ဗြိတိန်နိုင်ငံမြောက်ပိုင်းတွင်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ် ပျက်ကျခဲ့ပြီးနောက် နှစ်ဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့အနက် အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း ဩဂုတ် ၉ရက်၌ ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်ကျ

ရွိုင်ရယ်လ်လေကြောင်းတပ်ဖွဲ့ (အာအေအက်ဖ်) ရဟတ်ယာဉ်သည် ယင်းတပ်ဖွဲ့လေယာဉ်ဝန်ထမ်းသုံးဦးနှင့် တပ်မတော်ဝန်ထမ်း ကိုးဦးကိုတင်ဆောင်လာကြောင်း၊ ယော့စ်ရှိုင်းယားပြည်နယ်မြောက်ပိုင်းရှိ ကက်ထရစ်ခ်ဂါရီဆန်စစ်အခြေစိုက်စခန်း အနောက်ပိုင်း သစ်တောတစ်ခုသို့ အရောက်တွင် ဩဂုတ် ၈ရက် နှောင်းပိုင်းက ပျက်ကျခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အရှက်ဆွမ်း လောင်းလှူ

ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ဈေးကြီး ဈေးသူ ဈေးသားများနှင့် သိန်းသန်း စက်မှုလက်မှု ၇၇၇ ခြေတုလက်တုလုပ်ငန်းတို့၏ ဝါတွင်းကာလ အရှက်ဆွမ်း လောင်းလှူပွဲများကို တနင်္လာနေ့တိုင်း ကျင်းပလျက်ရှိရာ ဩဂုတ် ၆ရက်က သံဃာအပါး၅၅၀ တို့အား အရှက်ဆွမ်း လောင်းလှူကြစဉ်။ (က–ပ)

✡ ရှေ့ဖုံးမှ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းကြည်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုက ဖြည့်စွက်ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံအားပေး

ထို့နောက် တိုင်းမှူးသည် ကမ်းနားလမ်းတစ်လျှောက် ရေကင်းများ ထားရှိမှု၊ သဲအိတ်များ စုဆောင်းထားရှိမှုနှင့် ရေဘေးကယ်ဆယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့သည် မန္တလေး–စစ်ကိုင်း ကားလမ်းဘေး အမရပူရမြို့နယ်အတွင်းရှိ ကတ္တီပါကျေးရွာ ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့ ပညာသင်ကြားနေသည့် ကတ္တီပါကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးကာ တာဝန်ရှိသူများအား ယာယီစာသင်ဆောင် အသုံးပြုနိုင်ရေးအတွက် သံတဲဆောင်များ နေရာချထားပေးရေး၊ ကျန်းမာရေးအတွက် ဆေးဝါးများ စီစဉ်ထားရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် အမရပူရမြို့နယ် ပတ္တမြားကျေးရွာနှင့် ရွာသစ်ကျေးရွာများ ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့ရောက်ရှိလာသည့် မိသားစုများအား မန္တလေး–စစ်ကိုင်းကားလမ်းဘေးရှိရွှေကြက်ယက်ကျေးရွာသစ်တောဓမ္မာရုံတွင် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌနှင့် မန္တလေးခရိုင် ဥက္ကဋ္ဌတို့က နေရာထိုင်ခင်း စီစဉ်ပေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများအား ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးသည် ရေဘေးသင့်မိသားစုများအား တွေ့ဆုံအားပေးကာ ကျန်းမာရေးအတွက် ဆေးဝါးများထားရှိမှုများကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ရတနာပုံတက္ကသိုလ်သို့ ရောက်ရှိကြရာ ရတနာပုံတက္ကသိုလ်ဝင်းအတွင်း ရေဝင်ရောက်မှု အခြေအနေများအား အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဒေါက်တာမြဦးနှင့် ရတနာပုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ကျေးရွာနံ့သာကုန်းရပ်ကွက်၌ ရေတိုးဝင်မှုကြောင့် ပြောင်းရွှေ့ရောက်ရှိလာသည့် အိမ်ထောင်စု ၂၄ စုမှ မိသားစုများ၊ ရပ်မိရပ်ဖများအား တံခွန်တိုင်ကျေးရွာ ကပ်လွတ်မြတ်စွာဘုရား ဓမ္မာရုံတွင် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍တိုင်းမှူးသည်ရေဘေးသင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးပြီးနောက် ရေဘေးသင့် မိသားစုများအတွက် စီစဉ်ထားသည့် ဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်/ကလေးစောင့်ရှောက်ရေးအသင်း ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ အခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ရန်ကင်းပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားသည်။ (အပေါ်ပုံ) ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါ်သောင်းမြက အသင်းဝင်အဆိုပြုလွှာ ၁၁၀၀၀ ကို ဒေါ်မာမာဝေထံ ပေးအပ်သည်။

တင်ဆက်ကပြ

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မိခင်နို့တိုက်ကျွေးရေး တစ်ခန်းရပ်ပြဇာတ် ပထမဆုရ ရန်ကုန်အရှေ့ပိုင်းခရိုင်အဖွဲ့မှ တင်ဆက်ကပြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော မိခင်လောင်းများနှင့် ကလေးမိခင် ၄၀ တို့အား ဆေးဝါး၊ အာဟာရများနှင့် လက်ဆောင်များပေးအပ်ခဲ့သည်။ **(က–ပ)**

မှတ်သားဖွယ်ရာမိုးရေချိန် (၁၁–၈–၂၀၀၇)

မော်လမြိုင်	၆ ဒသမ ၄၂ လက်မ
သံတွဲ	၅ ဒသမ ၁၉ လက်မ
ထားဝယ်	၄ ဒသမ ၂၂ လက်မ
ဘားအံ	၃ ဒသမ ၁၁ လက်မ
သထုံ	၂ ဒသမ ၆၇ လက်မ
ခရမ်း	၂ ဒသမ ၀၅ လက်မ

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် ဩဂုတ်လအတွက်

၁၂–၈–၂၀၀၇ ရက်နေ့ နှင့် ၂၆–၈–၂၀၀၇ ရက်နေ့

ရှိုင်ကိန်းနှင့် အဲရစ်ဆင်တို့ အောင်ပွဲခံကြသည့် ပရီမီယာလိဂ်ပွဲစဉ် (၁)

သတင်းမှတ်စု – မောင်ချစ်ကြည်

လန်ဒန် ဩဂုတ် ၁၁

၂၀၀၇–၂၀၀၈ ပရီမီယာလိဂ် ပွဲစဉ်(၁)အဖြစ် ဩဂုတ် ၁၁ ရက်က စုစုပေါင်း ခုနစ်ပွဲကစားခဲ့ရာ ဆန်းဒါးလန်းနှင့် စပါးတို့ပွဲတွင် ဆန်းဒါးလန်းက စပါးကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားရာ နည်းပြ ရှိုင်ကိန်း၏ ဆန်းဒါးလန်းအသင်း ပွဲဦးထွက်၌ သုံးမှတ်ရပြီး ဈေးဦးပေါက်သွားပြီဖြစ်သည်။

ဆန်းဒါးလန်းနှင့် စပါး

နည်းပြရှိုင်ကိန်းသည် အိမ်ကွင်း၌ စပါးကို ရင်ဆိုင်ရာတွင် ၂:၅:၃ အခင်းအကျင်းဖြင့် ပွဲထွက်ခဲ့သည်။ တိုက်စစ်၌ ယောဂီ၊ စတိုကတ်စ်နှင့်မူရာဖီတို့ကို ထုတ်သုံးခဲ့ရာ ဂိုးသွင်းခွင့် အခွင့်အရေး ၁၀ ကြိမ်ခန့် ရရှိခဲ့သည်။

သို့သော် စပါးတို့က ကွင်းလယ်တွင် ဇာကိုရာ၊ ကီနီရီ၊ စတိဒ်နှင့် ဂျာမိန်းဂျီနက်စ်တို့ကို အပြည့်ထားရှိကစားစေခဲ့သဖြင့် ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ဆန်းဒါးလန်းအပေါ် ဖိကစားနိုင်ခဲ့သော်လည်း ဂိုးသွင်းခွင့် ခုနစ်ကြိမ်သာ ရရှိခဲ့သည်။

ဆန်းဒါးလန်းအသင်း၌ မန်ယူမှ ပြောင်းလာသည့် ရစ်ချတ်ဆင် အပါအဝင် ကွင်းလယ်၌ ငါးဦးအထိထားကာ ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ရန် ကြိုးစားသော်လည်း ရော်ဘီကိန်းနှင့် ဘာဘာတော့ဗ်တို့ ဦးဆောင်သော စပါးတိုက်စစ်မှူးများ၏ ထိုးဖောက်မှုကို ကြိုးစားဟန့်တားခဲ့ရသည်။

နှစ်သင်းစလုံးပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ကြဘဲ လေလွင့်ချိန်ရောက်မှသာ ဆန်းဒါးလန်းအသင်းမှ စတိုကတ်စ်အစား ဝင်ရောက်ကစားသည့် ချော်ပရာက သွင်းယူခဲ့သဖြင့် ဆန်းဒါးလန်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းနှင့် မန်စီးတီး

နည်းပြအဲရစ်ဆင်သည် မန်စီးတီးအသင်းကို ၄:၅:၁ ဖြင့် ပွဲထွက်ခဲ့ရာ ခံစစ်ဦးစားပေး တိုက်စစ်ဆင်ကစားစေခဲ့သည်။ မန်စီးတီးတွင် ပီထရော့၊ ဂျွန်ဆင်တို့က တိုက်စစ်ကို ဝိုင်းဝန်းပံ့ပိုးခဲ့သဖြင့် မန်စီးတီးတို့ ဂိုးသွင်းခွင့် ၁၁ ကြိမ်ရရှိခဲ့ရာမှ နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

မန်စီးတီးအတွက် ပထမဂိုးကို ပွဲချိန် ၁၈မိနစ်၌ တိုက်စစ်မှူးဘင်ချီက သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ဒုတိယပိုင်း ၈၇ မိနစ်၌ ဂီရိုဗင်နီက သွင်းယူပေးခဲ့သဖြင့် မန်စီးတီးတို့ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘော်လ်တန်နှင့် နယူးကာဆယ်

ပွဲဦးထွက်အဝေးကွင်းဖြစ်သော်လည်း နယူးကာဆယ်တို့ ဘော်လ်တန်ကို အနိုင်ကစားနိုင်ခဲ့သည်။ နယူးကာဆယ်အတွက် ပထမဂိုးကို ကွင်းလယ်ကစားသမား ဗိုဘီရာက သွင်းယူပေးပြီး ဒုတိယဂိုးနှင့် တတိယဂိုးတို့ကို တိုက်စစ်မှူးမာတင်က ပွဲချိန် ၂၁ မိနစ်နှင့် ၂၇ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ ဘော်လ်တန်အတွက် ချေပဂိုးကို မိနစ် ၅၀ ၌ အနယ်လ်ကာက သွင်းယူပေးခဲ့သဖြင့် ဘော်လ်တန်တို့အိမ်ကွင်းတွင် ရှုံးပွဲဖြင့် စတင်ကြုံတွေ့ခဲ့ရသည်။ နယူးကာဆယ်တို့ အဖွင့်ပွဲ၌ သုံးမှတ်ရယူနိုင်ခဲ့သည်။



ဆန်းဒါးလန်းနှင့် စပါးတို့ပွဲတွင် ဆန်းဒါးလန်းမှ ကာလို့စ်အက်ဝပ်စ် (ယာ)**နှင့် စပါးမှ စတိစ်တို့ ဘောလုံးယှဉ်လုစဉ်။** (ဓာတ်ပုံ–အင်တာနက်)

အခြားပွဲရလဒ်များ

မစ်ဒယ်ဘရော့	၁–၂	ဘလက်ဘန်း
ဒါဘီ	၂–၂	ပို့စ်မောက်
အဲဗာတန်	၂–၁	ဝီဂန်
လီဗာပူး	၂–၁	အက်စ်တွန်ဗီလာ။

(ကိုးကား–အင်တာနက်)

လသာမြို့နယ်ရှိ သိမ်ကြီးဈေး (ဃ)ရုံ (မြို့တော်ဗဟိုဈေးကြီး) ဈေးသူဈေးသားများနှင့် မြို့တော်စည်ပင်ဝန်ထမ်းများ၏ စုပေါင်းဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၀ရက်က အဆိုပါ ဈေး၌ ကျင်းပရာ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံ အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ဗဟန်းမြို့နယ်/ဆက် အလက(၁)၌ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့်စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ဩဂုတ်၇ရက် နံနက်၁၀နာရီက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲဟောပြောပွဲနှင့်အတူ စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် အလက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် အလက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူးဒေါ်အေးအေးဆင့်က စာဖတ်ဝိုင်းဆောင်ရွက်ရခြင်းနှင့်စာဖတ်ရှိန်မြှင့်တင်ရေး၊ စာပေအကျိုးကျေးဇူးကြီးမားပုံကို ဟောပြောသည်။ ဆက်လက်၍ အလက(၁) ကျောင်းသားကျောင်းသူများနှင့် စာဖတ်ဝိုင်းပြုလုပ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ် (၂၄) ပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပရာ (ဃဃ)အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေပွဲ ဖြစ်သွားသည်။

ကြည့်ရှုအားပေး

အဆိုပါဘောလုံးပြိုင်ပွဲသို့ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ယှဉ်ပြိုင်မည်

ယင်းဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဩဂုတ် ၁၂ရက်နှင့် ဩဂုတ် ၁၃ရက်တို့တွင် နစ်ရက်ရပ်နားမည်ဖြစ်ပြီး တတိယအဆင့် ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များကို ဩဂုတ် ၁၄ ရက်တွင် (ကက)အုပ်စုမှ ပထမ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် (ဂဂ) အုပ်စုမှ ဒုတိယ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ည်လည်းကောင်း၊ ဩဂုတ်၁၅ရက်တွင် (ခခ)အုပ်စုမှပထမ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် (ဃဃ)အုပ်စုမှဒုတိယအလုပ်သမားဝန်ကြီးဌာနအသင်းတို့ည်လည်းကောင်း၊ ဩဂုတ် ၁၆ ရက်တွင် (ဂဂ) အုပ်စုမှ ပထမ အားကစားဝန်ကြီးဌာနအသင်းနှင့် (ကက)အုပ်စုမှ ဒုတိယ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့ည်လည်းကောင်း၊ ဩဂုတ်၁၇ရက်တွင် (ဃဃ)အုပ်စုမှပထမကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် (ခခ)အုပ်စုမှ ဒုတိယ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း နေ့စဉ်ညနေ၄နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း အလေးမပြိုင်ပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း အမျိုးသား အမျိုးသမီးအလေးမပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက အင်းစိန်မြို့နယ် လျှော်ရွေး၊ လျှော်ထုတ်စက်ရုံ အားကစားခန်းမ၌ ကျင်းပရာ ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို လှိုင်မြို့နယ်က ရရှိသွားသည်။

အမျိုးသမီးပြိုင်ပွဲ

အမျိုးသမီး ၄၈ကီလိုတန်းပြိုင်ပွဲတွင် ပထမတင်တင်ကျော် (လှိုင်မြို့နယ်)၊ ဒုတိယ ပပလင်း (ကျောက်တံတားမြို့နယ်)နှင့် တတိယ ဝါဝါ (မှော်ဘီမြို့နယ်) တို့ရရှိသွားသည်။

အမျိုးသမီး ၅၃ကီလိုတန်းပြိုင်ပွဲတွင် ပထမအေးသန္တာလွင် (လှိုင်မြို့နယ်)၊ ဒုတိယစိုးစိုးရင်(လသာမြို့နယ်)နှင့် တတိယနော်သိုင်းစင်(လှည်းကူးမြို့နယ်) တို့ရရှိသွားသည်။

၅၈ ကီလိုတန်း

အမျိုးသမီး ၅၈ကီလိုတန်းပြိုင်ပွဲတွင် ပထမရီရီသိန်း(လှိုင်မြို့နယ်)၊ ဒုတိယ ခိုင်နွယ်ဝင်း(လှိုင်မြို့နယ်)နှင့် တတိယ နန်းသေးဖောင် (ကျောက်တံတားမြို့နယ်) တို့ရရှိသွားသည်။

အမျိုးသမီး ၆၃ကီလိုတန်းပြိုင်ပွဲတွင် ပထမသန္တာအောင် (ကျောက်တံတားမြို့နယ်)၊ ဒုတိယလေးလေးနွယ် (ကျောက်တံတားမြို့နယ်)နှင့် တတိယ ဝါဝါဖော့ (မရမ်းကုန်းမြို့နယ်)တို့က ရရှိသွားသည်။

အမျိုးသားပြိုင်ပွဲ

အမျိုးသား ၅၆ ကီလိုတန်းပြိုင်ပွဲတွင် ပထမပြည့်ဖြိုး (လှိုင်မြို့နယ်)၊ ဒုတိယစောယောရှု (လသာမြို့နယ်)နှင့် တတိယပိုင်စိုးသန့်ဇင်(ကျောက်တံတားမြို့နယ်)တို့ရရှိသွားသည်။

အမျိုးသား ၆၂ ကီလိုတန်းပြိုင်ပွဲတွင် ပထမကျော်ကျော်ခိုင် (ကျောက်တံတားမြို့နယ်)၊ ဒုတိယထွန်းထွန်းဦး(လှည်းကူးမြို့နယ်)နှင့် တတိယရွှေလင်းထွန်း (လှိုင်မြို့နယ်)တို့ ရရှိသွားသည်။

၆၉ ကီလိုတန်း

အမျိုးသား ၆၉ ကီလိုတန်းပြိုင်ပွဲတွင် ပထမ ကျော်မိုးဝင်း (လှိုင်မြို့နယ်)၊ ဒုတိယ ထူးလယ်ဝါး (ကျောက်တံတားမြို့နယ်)နှင့်တတိယစောသိန်းဝင်းထွန်း (လသာမြို့နယ်)တို့ ရရှိကြသည်။

အမျိုးသား ၇၇ ကီလိုတန်းပြိုင်ပွဲတွင် ပထမကျော်သိန်းစိုး (လှိုင်မြို့နယ်)၊ ဒုတိယစောမီကာ(လှိုင်မြို့နယ်) တတိယထိန်ထိန်လင်း (လှည်းကူးမြို့နယ်)တို့ ရရှိသွားသည်။

အမျိုးသား ၈၅ကီလိုတန်းပြိုင်ပွဲတွင် ပထမ လှမင်းအောင်(လှိုင်မြို့နယ်)၊ ဒုတိယသန်းထိုက်စိုး(ကျောက်တံတားမြို့နယ်)နှင့် တတိယဟိန်းသာထူး (ကမာရွတ်မြို့နယ်)တို့က ရရှိကြသည်။

၉၄ ကီလိုတန်း

အမျိုးသား ၉၄ကီလိုတန်းပြိုင်ပွဲတွင် ပထမကျော်ကျော်ဦး(လှိုင်မြို့နယ်)၊ ဒုတိယလှမင်းမောင်(ရွှေပြည်သာ)နှင့် တတိယစောနာရှိန် (လှည်းကူးမြို့နယ်)တို့ ရရှိကြသည်။

အမျိုးသား ၁၀၅ကီလိုတန်းပြိုင်ပွဲတွင် ပထမ ညီညီမောင်(ကျောက်တံတားမြို့နယ်)၊ ဒုတိယသက်အေး (ကျောက်တံတားမြို့နယ်)နှင့်တတိယသက်ထွေး (လှည်းကူးမြို့နယ်)တို့ ရရှိသွားသည်။

ဆုများချီးမြှင့်

အမျိုးသားအပေါင်း ၁၀၅ကီလိုတန်းပြိုင်ပွဲတွင် ပထမမြသန်းအောင် (လှိုင်မြို့နယ်)၊ ဒုတိယဟိန်းစောငြိမ်း (ကျောက်တံတားမြို့နယ်)နှင့် တတိယမောင်ရှိန် (အင်းစိန်မြို့နယ်)တို့ရရှိပြီး ဆုများကို ရန်ကုန်တိုင်းအလေးမ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

(မြန်မာ့အလင်း)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

အရှေ့တောင်အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဝူရှူးအားကစားအဖွဲ့စခန်းသွင်းလေ့ကျင့်

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ပါဝင်ဆင်နွှဲရန် မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့မှ ထောက်လုနှင့် ဆန်းဆို အားကစားသမားများအား ပဏာမ ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

ပါဝင်

အမျိုးသားထောက်လုကစားနည်း ပဏာမလက်ရွေးစင်များမှာ အား/ကာသိပ္ပံ ရန်ကုန်နှင့်မန္တလေးတို့မှ အောင်စည်သူ၊ သူရစိုး၊ သူရထွန်းနှင့် ဝေဖြိုးအောင်၊ သစ်တောမှ မျိုးမင်းစိုးနှင့် စိုးဝင်းသိန်း၊ အမျိုးသမီးပဏာမလက်ရွေးစင်များမှာသစ်တောမှ ဟန်နီကိုကိုနှင့် ဝေမာထွန်းသိန်း၊အား/ကာသိပ္ပံ ရန်ကုန်မှ သက်သက်နိုင်တို့ ပါဝင်ကြသည်။

ဝူရှူးထောက်လုပဏာမလက်ရွေးစင်များအား တရုတ်နည်းပြဆရာ Mr. Sutong Yu၊ နည်းပြချုပ် ဦးခွန်ဂျာအောင် (အဖွဲ့ချုပ်အတွင်းရေးမှူး)နှင့် နည်းပြဆရာ ဦးအောင်သူနိုင်(အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး) တို့က လေ့ကျင့်ပေးလျက်ရှိသည်။

ဝူရှူးဆန်းဆို အမျိုးသား ပဏာမလက်ရွေးစင်များမှာ ကာကွယ်ရေးမှ မောင်မောင်သန်း၊ ကိုထွေး၊ ရာဇူးမောင်၊ မျိုးကိုနှင့် ခင်မောင်ထွေး၊ အား/ကာသိပ္ပံ ရန်ကုန်မှ ကျော်နိုင်ဦးနှင့် စောကျော်စိုးမိုးတို့ဖြစ်ပြီး အမျိုးသမီးပဏာမလက်ရွေးစင်များမှာပြည်ထဲရေးမှ စီစီစိန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အောင်မာထွန်း နှင့် မန္တလေးတိုင်းမှ လှလှဝင်းတို့အား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

လေ့ကျင့်

ဝူရှူးဆန်းဆို ပဏာမလက်ရွေးစင်များအား တရုတ်နည်းပြဆရာ Mr. Datxiaopingနှင့် မြန်မာနည်းပြဆရာ ဦးခင်မောင်ညိမ်းနှင့် ဦးထွန်းထွန်းဦးတို့ လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာ့အလင်း
လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

သိန်းဝင်းလေး(မြန်မာ့အလင်း) စုစည်းတင်ပြသည်

ရန်ကုန် ဩဂုတ် ၁၁

စားပွဲတင်တင်းနစ်အဖွဲ့ အရှေ့တောင်အာရှပြိုင်ပွဲအတွက်လေ့ကျင့်

၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် အခြားမြို့ကြီးများတွင် ကျင်းပမည့် (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲရန် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ ပဏာမလက်ရွေးစင် အမျိုးသား ငါးဦးနှင့် အမျိုးသမီးငါးဦး စုစုပေါင်း ၁၀ ဦးတို့အား အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမတွင် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

လေ့ကျင့်ပေး

ပဏာမ ရွေးချယ်ထားသော အမျိုးသားလက်ရွေးစင်များမှာဘဏ္ဍာ/အခွန်မှ ထက်ကိုကိုလတ်နှင့် မင်းဇော်ဦး၊ ဆောက်လုပ်ရေးမှ ရဲအောင်နိုင်နှင့် သီဟနိုင်၊ ကာကွယ်ရေးမှ စိန်လင်းတို့ ပါဝင်ကြသည်။ အမျိုးသမီး ပဏာမလက်ရွေးစင်များမှာ ကာကွယ်ရေးမှ ဆွေဆွေဟန်၊ သိမ့်ယမင်းအေး၊ သန္တာအောင်နှင့် ညီညီအေး၊ ဘဏ္ဍာ/အခွန်မှ အေးမြတ်သူတို့ ဖြစ်ကြပြီး နည်းပြချုပ် ဦးရဲကျော်သူ(အဖွဲ့ချုပ်) က လေ့ကျင့်ပေးလျက်ရှိသည်။

လူငယ်စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် ပထမအကြိမ် အာဆီယံကျောင်းသားလူငယ် အိုလံပစ်ပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ကကြီးမှူးပြီး အသက်(၁၃)နှစ်အောက် လူငယ်စစ်တုရင်ပြိုင်ပွဲကို စက်တင်ဘာ ၅ရက်မှ၁၃ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲတွင် ၁၉၉၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နောက်ပိုင်း မွေးဖွားသည့် ကျောင်းသားကျောင်းသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် လူငယ်စစ်တုရင်မောင်မယ်များသည် အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ထံ စာရင်းပေးသွင်းယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးများ ပွဲဦးထွက်ရလဒ် ကောင်းနိုင်ပါ့မလား

လန်ဒန် ဩဂုတ် ၁၁

၂၀၀၇–၂၀၀၈ခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီမှာဗိုလ်စွဲမယ်လို့ ရေပန်းအစားဆုံး ဖြစ်နေတဲ့ မန်ယူ၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်အသင်းတွေရဲ့ ပွဲဦးထွက် ပွဲစဉ်(၁)ကို ဩဂုတ် ၁၂ရက် (ယနေ့) **မှာ စတင်ကစားပါတော့မယ်။ ပရိသတ်တွေ စိတ်ဝင်စားမှု အများဆုံးခံရတဲ့ အသင်းတွေလည်းဖြစ်လို့ ဒီအသင်းတွေရဲ့ ရာသီအစအဖွင့်ပွဲစဉ်တွေမှာ ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာမလဲဆိုတာ ရင်ခုန်စရာ ဖြစ်နေပါတယ်။**

ဖာဂူဆန် မည်သည့် တိုက်စစ်အတွဲကို ပွဲထုတ်မလဲ။
(ဓာတ်ပုံ–အင်တာနက်)

မန်ယူနှင့် ရက်ဒင်း

ဒီနှစ်ဘောလုံးရာသီ မစမီမှာပဲ ကွန်မြူနတီဒိုင်း ချန်ပီယံဖြစ်ခဲ့တဲ့ မန်ယူဟာ အဖွင့်ပွဲစဉ်မှာ ခြေစွာ ရက်ဒင်းနဲ့တွေ့ရတာဟာ သိပ်တော့ ပွဲမချောင်ပါဘူး။ ကမ္ဘာ့ပရိသတ်တွေ စိတ်ဝင်စားမှု အခံရဆုံး ဖြစ်နေတဲ့ မန်ယူရဲ့ လူသစ်ချာတိတ်တွေဖြစ်တဲ့ နာနီ၊ အန်ဒါဆင်တို့အပြင် တီဗက်ဇ်၊ အိုဝင်ဟားဂရေ့ဗ်တို့ရဲ့ ပွဲဦးထွက် ခြေစွမ်းတွေဟာ ပြိုင်ဘက်တွေကို ဘယ်လောက်အထိ ခြိမ်းခြောက်နိုင်မယ်ဆိုတာ မြင်တွေ့ရပါလိမ့်မယ်။

မာကျောနေဆဲ

ရက်ဒင်းဟာ အသင်းကြီးတွေကို ခံကစားနိုင်တဲ့ ခြေစွမ်းရှိတာမို့ မန်ယူတို့ သတိထားရပါလိမ့်မယ်။ ရက်ဒင်းဟာ မန်ယူနဲ့သုံးကြိမ်ဆုံခဲ့တဲ့ ရလဒ်တွေကိုကြည့်ရင် တစ်ကြိမ်မှ အနိုင်မရခဲ့ပါဘူး။ ရက်ဒင်းမှာ ဆစ်ဝဲလ်နဲ့ ဟားရက်ဇ်တို့ ထွက်သွားပေမယ့် ဖာဆစ်ဆီနဲ့ အီမာဆီဖေးတို့ကို ခေါ်ယူအားဖြည့်ခဲ့တာမို့ ခြေစွမ်းက မနှစ်က လိုပဲ မာကျောနေဆဲဖြစ်ပါတယ်။

ပွဲထုတ်မယ်

မန်ယူဟာ အသင်းငယ်တွေနဲ့တွေ့ရင် အထင်သေးပြီး ခပ်ပေါ့ပေါ့ကစားတတ်တဲ့စိတ်ကိုတော့ ဖျောက်မှရပါလိမ့်မယ်။ ဒီပွဲဟာ မန်ယူအသင်း အိမ်ကွင်းမှာ ကစားရမှာမို့ အသာစီးရမှာ သေချာပါတယ်။ ဖာဂူဆန်ဟာ ဒီပွဲမှာ တိုက်စစ်မှူးအသစ် တီဗက်ဇ်ကို ရွန်နေနဲ့တွဲပြီးစတင်ပွဲထုတ်မှာမို့ ရွန်နေ၊ တီဗက်ဇ်၊ စီရိုနယ်ဒို၊ နာနီနဲ့ ဂစ်တို့ အပေးအယူမှုချခဲ့ရင်တော့ ရက်ဒင်းကို ဂိုးပြတ်သွင်းနိုင်မှာပါ။ ဒါပေမယ့် ကစားသမားအသစ်တွေ အထိုင်ကျဖို့ လိုအပ်နေသေးတဲ့ မန်ယူကို ဖာဂူဆန် ဘယ်လို အခင်းအကျင်းနဲ့ ပွဲထုတ်မယ် ဆိုတာ အရေးကြီးနေပါတယ်။

စယူပြီ

မနှစ်က အိမ်ကွင်းမှာ ရက်ဒင်းကို သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ယူခဲ့တာမို့ ဒီနှစ် အဖွင့်ပွဲစဉ်မှာတော့ မန်ယူတို့ ဂိုးဘယ်လောက်သွင်းယူနိုင်မလဲဆိုတာပဲ တွက်ရမယ့်ပွဲ ဖြစ်ပါတယ်။ မန်ယူတို့သုံးမှတ်စယူပြီး ပြိုင်ဘက်ချယ်လ်ဆီးကို အမှတ်စတင်ဖြတ်ဖို့ ကြိုးစားပါလိမ့်မယ်။

ချယ်လ်ဆီးနှင့် ဘာမင်ဂမ်

ဒီနှစ်ပရီမီယာလိဂ်ဖလားကို ရယူဖို့ ကြိုးဝါးနေတဲ့ ချယ်လ်ဆီးတို့ အတန်းတက် ဘာမင်ဂမ်နှင့် ပွဲဦးထွက် ဆုံတွေ့ရခြင်းက ကံကောင်းခြင်းတစ်ရပ်ဖြစ်ပါတယ်။ ချယ်လ်ဆီးမှာ ဒဏ်ရာရနေတဲ့ တယ်ရီ၊ လမ်းပတ်၊ ဒရော့ဘာ၊ မက်ခီလီလီ၊ ရှက်ဗ်ချင်ကို၊ ရော်ဘင်တို့ အပါအဝင် ကစားသမား ကိုးယောက် လောက်ဒဏ်ရာရနေပေမယ့် ဘာမင်ဂမ်ကိုတော့အိမ်ကွင်းမှာ အနိုင်ကစားမှာပါ။

ဘာမင်ဂမ်ကို မော်ရင်ဟို ဘယ်လို ရင်ဆိုင်မလဲ။
(ဓာတ်ပုံ–အင်တာနက်)

အတန်းတက်လာတဲ့ ဘာမင်ဂမ်ဟာ ဒီနှစ်မှာ ခြေစွမ်းပြနိုင်ဖို့အတွက် လိုကိုမိုတစ်က အိုကွန်နာ၊ မစ်ဒယ်ဘရော့က ပါနေဘီ၊ အာဆင်နယ်က မူအမ်ဘာ၊ ဂျူဗင်းတပ်စ်က ကာပို၊ ဖူလ်ဟမ်က ကွီဒရူးတို့ ခေါ်ယူဖြည့်ဆည်းခဲ့တာမို့ တောင့်တင်းနေပါတယ်။ ချယ်လ်ဆီးတို့ ဒဏ်ရာရလူတွေများနေချိန်မှာ ဘာမင်ဂမ်ကို လျှော့တွက်ရင်တော့အိမ်ကွင်းဆိုပေမယ့် ချယ်လ်ဆီးကို သရေလောက်အထိ ဘာမင်ဂမ်တို့ ကစားသွားနိုင်ပါတယ်။

မှတ်တမ်းရှိ

ဒါပေမယ့် ချယ်လ်ဆီးနဲ့ဘာမင်ဂမ်တို့ သမိုင်းတစ်လျှောက် ၇၆ပွဲ ဆုံတွေ့ခဲ့တဲ့အခါမှာ ချယ်လ်ဆီးတို့က ၃၄ပွဲနိုင်သလို ဘာမင်ဂမ်က ၁၉ပွဲ နိုင်ထားပြီး သရေ ၂၃ပွဲကျထားပါတယ်။ ၂၀၀၄–၂၀၀၅ခုနှစ်က ချယ်လ်ဆီးအိမ်ကွင်းမှာ ဘာမင်ဂမ်တို့က တစ်ဂိုးစီနဲ့သရေကစားနိုင်ခဲ့တဲ့ မှတ်တမ်းရှိတာမို့ ဘာမင်ဂမ်ကို မော်ရင်ဟို အလေးအနက်ထားပြီး ဗျူဟာခင်းကျင်းမှ ရပါလိမ့်မယ်။

သုံးမှတ်အပြည့်ပေး

ဒါပေမယ့် ဒဏ်ရာ သက်သာလို့ တယ်ရီ၊ဒရော့ဘာနဲ့လမ်းပတ်တို့ပါဝင်ကစားနိုင်ရင်တော့ ဘာမင်ဂမ်တို့ သရေ

သုံးသပ်တင်ပြသူ
မောင်မောင်မြင့်ဆွေ

ဆိုတဲ့ရလဒ်တောင်မရနိုင်ဘဲ ချယ်လ်ဆီးကို သုံးမှတ်အပြည့်ပေးပြီး အိမ်ပြန်ရကိန်း ဆိုက်သွားနိုင်ပါတယ်။

အာဆင်နယ်နှင့် ဖူလ်ဟမ်

ဒီနှစ် ဒုတိယနေရာတောင် မလိုချင်ဘူးလို့ ပြောကြားထားတဲ့ အာစင်ဝင်းဂါးဟာ ပွဲစဉ် (၁)မှာ ဖူလ်ဟမ်ကို ခက်ခက်ခဲခဲကြိုးစားအားထုတ်မှ အနိုင်ရပါလိမ့်မယ်။ အာဆင်နယ်ဟာ ဒီနှစ်မှာ ဒိုင်နာမိုဇာဂရက်က ဒါဆေးလ်ဗား၊ အော်ဇေးအသင်းက ဆစ်ဂ်နာတို့ကို ခေါ်ယူပြီးအားဖြည့်ထားပါတယ်။ဒါကြောင့် ဗန်ပါစီနဲ့ ဒါဆေးလ်ဗား တိုက်စစ်အတွဲက ဂိုးတွေသွင်းယူနိုင်ပါလိမ့်မယ်။

မြင်တွေ့ရ

အာစင်ဝင်းဂါးဟာ လူငယ်တွေကို ယုံယုံကြည်ကြည်နဲ့ ပွဲထုတ်မှာဖြစ်တာမို့ သူ့ဗျူဟာဘယ်လောက်အထိ အကျိုးရှိမယ်ဆိုတာ မြင်တွေ့ရပါလိမ့်မယ်။ အာစင်ဝင်းဂါးရဲ့ နည်းစနစ်ပိုင်း ကောင်းမွန်ရင်တော့ အသင်းအောင်မြင်မှု ရရှိနိုင်ပါတယ်။

မမျှော်လင့်တဲ့ရလဒ်

ဒါပေမယ့် ဖူလ်ဟမ်အသင်းကလည်း ဒီနှစ်မှာ ဆောက်သမ်ပတန်က ခရစ္စဗတ်၊ အက်စ်တွန်ဗီလာက စတီဗင်ဒါးဗီးစ်၊ ဝက်စ်ဘရွန်းက တာမာရာ၊ ဝက်စ်ဟမ်းက ပေါ်ကွန်ချက်စကီးတို့ကို ခေါ်ယူနိုင်ခဲ့တာကြောင့် အာဆင်နယ် အိမ်ကွင်းမှာ သတိထား မကစားရင် အာစင်ဝင်းဂါးမမျှော်လင့်တဲ့ရလဒ်ရသွားနိုင်ပါတယ်။

ပွဲဦးမှာ စီရိုနယ်ဒို ဂိုးသွင်းမှာလား။ (ဓာတ်ပုံ–အင်တာနက်)

ဂိုးမပြတ်နိုင်

ဒါပေမယ့် အာဆင်နယ်နဲ့ဖူလ်ဟမ်တို့ ထိပ်တိုက်ဆုံတွေ့မှု အကြိမ် ၄၀ရှိခဲ့တဲ့အထဲမှာ အာဆင်နယ်က ၂၈ ပွဲနိုင်ပြီး၊ ဖူလ်ဟမ်ကခြောက်ပွဲနိုင်ထားပါတယ်။ ကျန်ခြောက်ပွဲက သရေကျထားတာ ဆိုပေမယ့် အာစင်ဝင်းဂါး သတိ ထားရပါလိမ့်မယ်။ အာဆင်နယ်တို့ ဖူလ်ဟမ်ကိုနိုင်ရင်တောင် ဂိုးမပြတ်လောက်ပါဘူး။ ။

(ကိုးကား–အင်တာနက်)

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ဝက်စ်ဟမ်းတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ် မန်ယူက ခေါ်ယူမှုအဆုံးသတ်

လန်ဒန် ဩဂုတ် ၁၁

မန်ယူသို့ရောက်ရှိလာသော ဝက်စ်ဟမ်းတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်။ (ဓာတ်ပုံ–အင်တာနက်)

မန်ချက်စတာယူနိုက်တက်အသင်းသည် အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်အားခေါ်ယူစာချုပ်မှုမှာ ပြီးဆုံးသွားပြီဖြစ်သည်။

၎င်းသည် မန်ယူ၏ ရာသီအစပြိုင်ပွဲများတွင် ပါဝင်ကစားမည်ဖြစ်သော်လည်း အသင်းနှင့် အံဝင်ခွင်ကျရှိမည် မဟုတ်ဟု ဆိုသည်။

ပေါင်နှစ်သန်းပေးခဲ့ရ

တီဗက်ဇ်သည် ဩဂုတ် ၁၉ရက်တွင် မန်စီးတီးအသင်းနှင့် ကစားမည့်ပွဲစဉ်၌ ပထမဆုံး ပါဝင်ကစားဖွယ်ရှိသည်။ ကားလို့စ်သည် မိမိအတွက်အံ့အားသင့်မိကြောင်း၊ ၎င်းသည် ပိုမိုလေ့ကျင့်သွားရန်လိုကြောင်း၊ သို့ရာတွင် အကောင်းဆုံး ခြေစွမ်းပြနိုင်မည့်အနေအထားရှိကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။ အသက်၂၃နှစ်ရှိ အဆိုပါတိုက်စစ်မှူးသည် ၎င်း၏အေးဂျင့်က ဝက်စ်ဟမ်းအသင်းအား ပေါင်နှစ်သန်း ပေးခဲ့ပြီးနောက် ကိုယ်စားလှယ်မရှိသော ကစားသမားဖြစ်လာသည်။

(အင်တာနက်)

ရှာရာပိုဗာ

ရှာရာပိုဗာ၏ တင်းနစ်ကစားဟန်။ (ဓာတ်ပုံ–အင်တာနက်)

ဝက်စ်ဘန့်ကလပ်ဆစ်တင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာ ကွာတားဖိုင်နယ်တက်ရောက်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၁

ရုရှားတင်းနစ်အားကစားမယ် မာရီယာရှာရာပိုဗာသည် လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပသော ဝက်စ်ဘန့်ကလပ် ဆစ်တင်းနစ်ပြိုင်ပွဲတွင် ခရာချီဆက်အား ၇–၆၊ ၆–၇၊ ၆–၄ ဖြင့် နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

အနိုင်ရ

ကမ္ဘာ့နံပါတ်နှစ် အဆင့်ရှိ ရှာရာပိုဗာသည် ယင်းပြိုင်ပွဲတွင် သုံးနာရီကျော်ကြာ အကြိတ်အနယ် ကစားခဲ့ပြီးမှ အနိုင်ရရှိလိုက်ခြင်းဖြစ်သည်။

၎င်းသည် နောက်ပွဲစဉ်တွင် ဒီမင်တီဗာနှင့် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အခြားနာမည်ကြီး တင်းနစ်ကစားသမားများ ဖြစ်ကြသည့် ဂျန်ကိုဗစ်၊ အီဗန်နိုဗစ်နှင့် ပီထရိုဗာတို့လည်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

(အင်တာနက်)

ဆီဗီလာနောက်တန်းကစားသမားအား ပေါင်သန်း ၂၀ကျော်ပေးခေါ်မှုကို ပယ်ချ

လန်ဒန် ဩဂုတ် ၁၁



ဆီဗီလာအသင်း၏ အားထားရသော နောက်တန်းကစားသမား အဲဗက်စ်။ (ဓာတ်ပုံ–အင်တာနက်)

စပိန်ကလပ် ဆီဗီလာအသင်းသည် ၎င်း၏ ကစားသမား ဒန်နီရယ်အဲဗက်စ်အား အမည်မဖော်သည့် အသင်းနှစ်သင်းက ပေါင်သန်း ၂၀ကျော်ပေး၍ ကမ်းလှမ်းခဲ့ခြင်းကို ပယ်ချလိုက်သည်။

မိမိသည် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိခဲ့ကြောင်း မကြာမီက အဲဗက်စ်က ပြောကြားသည်။

ကမ်းလှမ်း

အသက် ၂၄နှစ်ရှိ အဆိုပါကစားသမားသည် ဘရာဇီး နောက်တန်း ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းအား အသင်းနှစ်သင်းက ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့သည်ဟုဆိုသည်။ အသင်းတစ်သင်းက ၎င်းကစားသမားအား ယူရို၃၁ ဒသမ ၅သန်း ဈေးပေးခေါ်သည်။ အခြားတစ်သင်းက ယူရို ၃၅သန်းဈေးပေးခဲ့သည်ဟုဆိုသည်။ သို့ရာတွင် ဆီဗီလာအသင်း ဥက္ကဋ္ဌ မာရီယာဒယ်နီဒိုက ပယ်ချလိုက်သည်။ အဲဗက်စ်သည် ဆီဗီလာအသင်းအတွက် လေးနှစ်ကျော် ကစားပေးခဲ့ပြီး ဖြစ်၍ မိမိအသင်းအတွက် အမြဲရှိသင့်သော ကစားသမားဖြစ်ကြောင်း အဆိုပါ အသင်းဥက္ကဋ္ဌက ပြောကြားသည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

- **ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်အား စာချုပ်သစ် ချုပ်ဆိုရန်အတွက် ၎င်းကလပ်က ရွှေ့ဆိုင်းထားသည်။ သို့ရာတွင် ချယ်လ်ဆီး၌သာ ဆက်လက်ကစားလိမ့်မည်ဖြစ်ကြောင်း လမ်းပတ်က အနိုင်အမာပြောကြားသည်။**
- တော့တင်ဟမ် တိုက်စစ်မှူး မီဒိုအား မစ်ဒယ်ဘရော့အသင်းက ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။
- **ပို့စ်မောက်တိုက်စစ်မှူး လွှာလွှာက အသင်းမှထွက်ခွာလိုကြောင်း ပြောကြားခဲ့သည်ကို အသင်းမန်နေဂျာ ဟာရီရစ်ကတ်က ပြောကြားသည်။**
- ရီးရဲမက်ဒရစ်အသင်းက ဖေယင်နူး နောက်တန်းကစားသမား ရှိုင်စတွန်အား ငါးနှစ်စာချုပ်လိုက်သည်။

ရန်ကုန် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်ပို့ဆောင်ပေးမည်

သာသနာရေးဝန်ကြီးဌာန သံဝေဇနိယလေးဌာန(အိန္ဒိယ/နီပေါ)ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်ကို ၂၀၀၇/၂၀၀၈ခုနှစ်တွင် ဆက်လက်ပို့ဆောင်ခွင့်ရရှိသော "ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"သည် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို စတင် ပို့ဆောင်ပေးနေပါသည်။

(၁) ဘုရားအဆူဆူတိုင်းပွင့်ထွန်းတော်မူရာ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ မဟာဗောဓိစေတီတော်ဝင်းအတွင်း သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ရေတော်တစ်ထောင် ဆက်ကပ်လှူဒါန်းပူဇော်ပွဲ။
(၂) သံဝေဇနိယလေးဌာနရှိ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ကထိန်ခင်းအလှူမင်္ဂလာပွဲ။
(၃) ဖေဖော်ဝါရီလတွင် ဗာရာဏသီမြို့ရှိ မိဂဒါဝုန်မြန်မာကျောင်း နှစ်(၁၀၀)ပြည့်ပွဲတော်နှင့် ဗုဒ္ဓဂယာရှိ ကမ္ဘောဇရှမ်းကျောင်း ရေစက်ချအလှူတော်မင်္ဂလာပွဲ။
(၄) သံဝေဇနိယလေးဌာနတွင် တပေါင်းလပြည့်နေ့ သဲပုံစေတီပွဲတော်များ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သာသနာရေးဝန်ကြီးဌာနမှ ငါးနှစ်ဆက်တိုင် တာဝန်ပေးအပ်ထားသော
"ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"ဘုရားဖူးခရီးစဉ်များကို စက်တင်ဘာလကုန်မှစတင်၍ ပို့ဆောင်ပေးပါမည်။

- ၁၁ ည/၁၂ရက် ခရီးစဉ် (ဖွား-ပွင့်-ဟော-စံ သံဝေဇနိယလေးဌာန)
- ၁၇ ည/၁၈ရက် ခရီးစဉ် (ဖွား-ပွင့်-ဟော-စံ သံဝေဇနိယလေးဌာန-ကိုးလ်ကတ္တား-သက်သ-အဂရာ-နယူးဒေလီ)
- ၄ ည/၅ရက် ခရီးစဉ် (ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ-ရောက်ဖူးသူများနှင့် အသက်ကြီးသူများအတွက် အထူးအစီအစဉ်)

ဆက်သွယ်လိုပါက - "ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"

(၁) အမှတ်၅၅၊ ၁၇လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၅၉၁၅၊ ၂၂၅၉၈၉၊ ၂၂၇၇၀၂၊ ၂၂၇၇၀၃။
(၂) အမှတ်၁၀၄၊ ကမ်းနားလမ်းနှင့် ၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၀၀၇၊ ၂၅၂၀၀၈။
(၃) သာသနာရေးဝန်ကြီးဌာနရှိ ရုံးခန်း ဖုန်း-၀၁-၆၆၅၃၈၃တို့သို့ အမြန်ဆုံးဆက်သွယ်စုံစမ်းနိုင်ပါသည်။



လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇလမ်း၊ အမှတ် ၁၉(ဂ)နေ
ဒေါက်တာဦးဝင်းနိုင်(ခေတ္တ-မလေးရှား)-ဒေါ်စုစုအောင်
တို့၏တစ်ဦးတည်းသောသား

မောင်ဇင်ဘိုနိုင်

(Associate Engineer) Segate Technology, Singapore
Final Year B.Tech Electronics Engineering(NUS)
Diploma in Electronics Engineering (Nanyang Polytechnic, Singapore)

နှင့်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်အမှတ် ၂၆၉၊ အခန်း ၇နေ
ဒေါက်တာဦးကျော်စံဝင်း(ညွှန်ကြားရေးမှူး၊ စီမံ၊ မြန်မာနိုင်ငံဆရာဝန်များအသင်း)-
ဒေါ်ရီလေးနိုင်
တို့၏သမီးထွေး

မဖြူမာဝင်း (B.A.,Eco)

Advanced Diploma in Business Management
Management Development of Singapore (MDIS)

တို့သည် ဩဂုတ် ၅ရက်(တနင်္ဂနွေနေ့)တွင် စင်ကာပူနိုင်ငံရှိ Register of Marriage (ROM) တွင် နှစ်ဖက်သောမိဘများ သဘောတူညီချက်နှင့်အညီ လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

မောင်ဇင်ဘိုနိုင်-မဖြူမာဝင်း။

မင်္ဂလာဆုတောင်းလွှာ

မောင်ဇင်ဘိုနိုင် နှင့် **မဖြူမာဝင်း**တို့၏ မင်္ဂလာလက်ထပ်ပြီးစီးမှုသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

မမကြီး မသန္တာဝင်း၊ မမလတ် နီလာဝင်း၊ မမငယ် မာလာဝင်း၊
ညီမများ မဖြူ၊ ဘေဘီ၊ တူလေး ကောင်းမြတ်ဝင်း။



ဖခင်အမည်မှန်

အထက(၁)တာမွေ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ထန်ခိုခိုင်၏ ဖခင်အမည်မှန်မှာ ဦးလန်ခန့်ပေါင် ဖြစ်ပါသည်။

ဦးလန်ခန့်ပေါင်။





အဲယားကွန်း

အဟောင်းအပျက်များ ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၀-၂၂၇၈၀။

သင့်သွေးဖြင့် အသက်ကယ်ပါ

မာန်အောင်မြို့နယ်အသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၁၁

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)က ဩဂုတ် ၁၉ရက် (တနင်္ဂနွေနေ့)တွင် အသင်းတိုက်တည်နေရာ အမှတ်၄၁ ဒုတိယထပ် မြို့သစ်(၁)လမ်း ကျောက်မြောင်း တာမွေမြို့နယ်၌ ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

အသင်းနာယကများ၊ အမှုဆောင်များနှင့် အသင်းဝင်များ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းကြမည့် စေတနာရှင်များသည် ဗိုလ်မှူးအောင်စိန်(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း-၅၀၁၀၂၆၊ ဦးအုန်းမြင့် အတွင်းရေးမှူး ဖုန်း-၅၆၁၇၈၀နှင့် ဦးသိန်းဖေ ဘဏ္ဍာရေးမှူး ဖုန်း-၅၀၁၈၄၆၊ လိုင်းခွဲ ၃၃၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝါတွင်းခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၁၁

အင်းတကော်မြို့(အနောက်) စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ နန္ဒိယ(ဆရာတော် ဦးမဟာနာမ်)၏ဩဝါဒကိုခံယူ၍ စွန်းလွန်းဂူဝိပဿနာတရားစခန်းကိုဩဂုတ် ၁၅ရက်(ဝါခေါင်လဆန်း ၂ရက်)မှ ဩဂုတ် ၂၁ရက်(ဝါခေါင်လဆန်း ၈ရက်)အထိကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၀၉-၅၀၀၀၃၁၃၊ ၀၁-၅၆၁၆၃၇တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပုပ္ပားရေစက်ရုံ အမှုဆောင်အရာရှိစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၁

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးလေးလွင်သည် မြို့နေလူထု သောက်သုံးရေ စဉ်ဆက်မပြတ်သုံးစွဲနိုင်ရေးအတွက် ဇူလိုင် ၄ရက်က အမှတ်(၂)ရပ်ကွက် ပုပ္ပားရေစက်ရုံအားသွားရောက်စစ်ဆေးခဲ့ရာ အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု) ဦးမြအေးက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်/စည်ပင်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မင်းသီဟ၏ နိုင်ငံသားမှတ်ပုံတင် အမှတ် ၉/ပမန(နိုင်)၀၀၁၄၈၆နှင့် ကားလိုင်စင် ခရီးသွားရင်း စမ်းချောင်းမြို့နယ်တွင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် - မိုးဟိန်းရောင်းဝယ်ရေး အမှတ်(၄/၇-ခ)၊ ဘုရင့်နောင်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၆၈၃၄၆၂၊ ၆၅၂၂၀၄၊ ၆၄၂၁၉၁။
Hp - ၀၉-၉၈၂၂၇၆၆၊ ၅၁၂၇၀၈၆။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဇော်ဇော်မင်း၏ နိုင်ငံကူးလက်မှတ် ၃၈၀၃၈၂ နှင့် မဉမ္မာ နိုင်ငံကူးလက်မှတ် ၈၄၇၆၆၃တို့၏ နိုင်ငံကူးလက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၅၂-၂၄၃၉၃။

အောင်မြေသာစံမြို့နယ် ရတနာပိမာန်စာချကျောင်းသို့ ဆန်၊ ဆီ၊ အာလူးနှင့် အခြားလှူဖွယ်ပစ္စည်းများလှူဒါန်း

မန္တလေး ဩဂုတ် ၅

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း ဦးဆောင်၍ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၏ဇနီးများ၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များသည် ဇူလိုင် ၂၇ရက် ညနေ ၃နာရီခွဲက အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာပိမာန်စာချကျောင်းသို့သွားရောက်၍ ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ငါးပါးသီလ

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ချမ်းသာကြီးတောင်တိုက် ရတနာပိမာန်စာချ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇောတိကာဘိဝံသ ထံမှ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ဆရာတော်ကြီးများအား ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ဝဲပုံ)** ဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်ချ တရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မန္တလေးတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ် ပြည်ဇချောင်သီလရှင်စာသင်တိုက်သို့ ရောက်ရှိကြပြီး ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီးသီလရှင်ဆရာကြီး ဒေါ်နန္ဒာသီရိထံ ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ သီလရှင် ဆရာကြီး၊ ဆရာလေးများက ပရိတ်တရားတော်များ ရွတ်ဖတ်၍ ဆုတောင်း မေတ္တာများပို့သကြပြီး တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ပသို့ တရားမဝင် အလုပ်လုပ်ရန်စီစဉ်ရာမှ ပြန်လည်ရောက်ရှိသူများ အသိပညာပေးဟောပြော

ဟားခါး ဩဂုတ် ၁၀

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ပြည်ပသို့ တရားမဝင် အလုပ်လုပ်ရန်စီစဉ်ရာမှ ပြန်လည်ရောက်ရှိလာသူများအား အသိပညာပေး ဆွေးနွေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ်၇ရက် မွန်းလွဲ၁နာရီခွဲက ဟားခါးမြို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အန္တရာယ်ရှိ

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက အမှာစကား ပြောကြားရာတွင် ပြည်ပသို့သွားလာရာတွင် တရားဝင် နိုင်ငံကူးလက်မှတ်ရရှိမှသာ သွားနိုင်ကြောင်း၊ နိုင်ငံတော်ကလည်း မိသားစုဝမ်းစာအတွက် တရားနည်းလမ်းမှန်လျှင် ခွင့်ပြုပေးကြောင်း၊ ဥပဒေဘောင်ကျူးလွန်လျှင် အန္တရာယ်ရှိကြောင်း၊ နောင်တွင် တရားဝင်နည်းလမ်းကျမှသာ ခွင့်ပြုမည်ဖြစ်ကြောင်းဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝါဝါက ပြည်ပသို့တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်သူများအား မတရားနှိပ်စက်ခံနေရကြောင်း၊ နေ့ရောညပါ အလုပ်လုပ်ခိုင်းခြင်း ခံနေရကြောင်း၊ မိမိနိုင်ငံ၊ မိမိဒေသထက်ပို၍ မကောင်းနိုင်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပြန်လည်အပ်နှံ

ထို့နောက် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး ချင်းပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ဝင်းကြည်နှင့် ပြည်နယ်ဥပဒေအရာရှိ ဦးသိန်းမော်တို့က ပညာပေးဟောပြောပြီး ပြည်နယ်အတွင်းရေးမှူး ဦးတင်မြင့်က သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများသို့ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၁၂ဦးအား ပြန်လည်အပ်နှံကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မကွေး အထက(၁) မြတ်ဆရာပူဇော်မည်

မကွေး ဩဂုတ် ၅

မကွေးမြို့ အထက(၁) မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက်တွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည် ဖြစ်ရာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် (၆၀) ပြည့် အငြိမ်းစားယူပြီးသော ဆရာ ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် အလှူငွေနှင့် ဝတ္ထုပစ္စည်းများ လှူဒါန်းလိုသည့်ကျောင်းသားကျောင်းသူဟောင်းများသည် ဆရာမကြီး ဒေါ်ခင်ခင်အေး၊ ဒေါ်ခင်သိန်းထွန်း ဖုန်း-၀၁-၃၈၆၈၉၃၊ ကိုစိုးမြင့် ဖုန်း-၀၉-၅၁-၂၉၅၃၈၊ ကိုအောင်ဝင်းလှိုင် ဖုန်း- ၀၉-၅၁-၇၁၁၀၉၊ ကိုမျိုးသန့်ဇင် ဖုန်း- ၀၁-၇၀၃၈၇၁၊ ကိုအောင်မြိုင် ဖုန်း-၀၉-၅၀-၂၀၆၈၇၊ ကိုသိန်းဟန်ဦး ဖုန်း- ၀၉-၅၃-၄၀၂၇၇နှင့် ကိုမြင့်ဦး ဖုန်း- ၀၆၃-၂၁၅၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သံဖြူဇရပ်၌ စပါးခင်းနှင့် ရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

သံဖြူဇရပ် ဩဂုတ် ၆

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သံဖြူဇရပ်မြို့နယ် ကျုံကဒါတ်ရွာရှိ စပါးခင်းဧက၈၀နှင့် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၃ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးလှမင်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ရီရီသောင်းနှင့်အဖွဲ့ဝင်များ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ကျုံကဒါတ်ကျေးရွာဥက္ကဋ္ဌ ဦးအုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရေလုပ်ငန်းရှင်များကစုပေါင်း၍ ရွှေဝါ ငါးကြင်း၊ ငါးမြစ်ချင်းကောင်ရေ ၆၀၀၀၀ကို မျိုးစိုက်ထည့်ကြကြောင်း သိရသည်။**(အပေါ်ပုံ)** **(မြို့နယ်ငါးလုပ်ငန်း)**

ငပုတောမြို့ ကမ်းနားလမ်း မြို့အဝင် ဆိုင်းဘုတ်တွင် လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ပေါင်းပင်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို ဇူလိုင် ၁၃ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင် ကြီးကြပ်စဉ်။

(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ဆက်ကပ်လှူဒါန်း

ဇူလိုင်၁၅ရက်က နေပြည်တော်ပျဉ်းမနား မင်းဒင်ရပ်ကွက်ရှိ မူလကသစ်ဝိုင်ဓမ္မရိပ်သာတွင် အသစ်တည်ဆောက်ဆဲဓမ္မာရုံအတွက် ဦးလှထွန်း-ဒေါ်အေးအေး (ပွဲရုံမိသားစုလုပ်ငန်း)တို့က နယ်လှည့် ဓမ္မကထိကအရှင်ကဥ္စနသာရထံ အလှူငွေကျပ် ၁၅သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဇီးကုန်း၌ ကျင်းပ

ဇီးကုန်း ဩဂုတ် ၃

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၀၇ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၂၈ ရက် နံနက် ၇ နာရီက ဇီးကုန်းမြို့ အမှတ်(၁)ရပ်ကွက် အေးမြသာယာ မြို့သစ် အောင်မင်္ဂလာကန်ပေါင် လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးကြသည်။

စိုက်ပျိုးကြ

အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးရွာ၊ ရပ်ကွက်ပြည်သူ စုစုပေါင်း အင်အား ၂၀၀ခန့်တက်ရောက်၍ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော်၊ ခရေနှင့် သပြေ စုစုပေါင်း အပင် ၈၀၀ကို စိုက်ပျိုးကြကြောင်း သိရသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

အဘိုး ဦးအေးကို-အဘွား ဒေါ်မိမိလေး တို့အား ရည်စူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက်က မှော်ဘီ ဇ လမ်း အမှတ် ၁၈နေ ဖခင် ဦးခင်ကျော်ညို-မိခင်ဒေါ်ယဉ်ယဉ်မေ၊ သမီး မစောယုနွယ်(ခ) စောယုယုကျော် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ဒွိပိဋက ဆရာတော် ဘဒ္ဒန္တဇဋိလထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖလမ်းမြို့၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

ဖလမ်း ဩဂုတ် ၄

ချင်းပြည်နယ် ဖလမ်းခရိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ အသိပညာပေးဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ရက် မွန်းလွဲ ၁၂နာရီခွဲက သူနာပြုသင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါက်တာအေးအေးသန်းက ကျန်းမာရေး အသိပညာပေး ဆိုင်ရာများကို ဟောပြောသည်။

ဟောပြော

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးသိမ်းထွေးအောင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူမှောင်ခိုကုန်ကူးမှု ဥပဒေကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်မြင့်အေးကြည်က မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် သူနာပြုသင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဌေးက အဖွဲ့ဝင်အဆိုပြုလွှာ ၅၄စောင်ပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်က လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ မင်းတပ်၌ကျင်းပ

မင်းတပ် ဩဂုတ် ၄

ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပွဲကို ဇူလိုင် ၃၀ရက် ညနေ၄နာရီက မင်းတပ်-ကျောက်ထုနယ်စပ်ရှိ မင်းတပ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစိုက်ခင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်သည်။

ထို့နောက် ချင်းပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးပြီး မင်းတပ်မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များနှင့် ရပ်ကွက်ပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူ ၅၀၀ကျော် တက်ရောက်ခဲ့ပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးညိုဝင်း ဇူလိုင် ၁၁ရက်က လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကျောက်ပြားစက်ရုံလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ဇူလိုင် ၁၈ရက်က မောင်တောမြို့ အမှတ်(၄) ရပ်ကွက်ရှိ မြို့ရေပေးရေး ရေတွန်းစက်ရုံမှ အင်ဂျင်နှင့်ပန့်တို့၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ဝေဒနာရှင်ကလေးများ ထောက်ပံ့ငွေများ တောင်ငူ၌ ပေးအပ်

တောင်ငူ ဇူလိုင် ၂၈

တောင်ငူ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကြသည့် တောင်ငူမြို့ပေါ်ရှိ ရပ်ကွက်အချို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အသက်တစ်နှစ်ခွဲမှ ၁၃နှစ်အရွယ်ရှိ သွေးလွန်တုပ်ကွေးရောဂါဝေဒနာရှင်ကလေးလူနာ ၂၂ ဦးတို့အား ဇူလိုင် ၁၇ ရက်နံနက်ပိုင်းက သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသုဓမ္မသိင်္ဂီ တောင်ငူမြို့ ရွှေနှင်းဆီဒေါ်အုန်းခင်၏ ဘာသာ၊ပညာနှင့် ကျန်းမာ အလှူငွေစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိန်**(အောက်ပုံ)**၊ အတွင်းရေးမှူး ဦးမြင့်ညို(အမေ့အိမ်)နှင့်အဖွဲ့ဝင်များက ကလေးတစ်ဦးလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၂၀၀၀၀ ကို သက်ဆိုင်ရာ တာဝန်ကျ ဆရာဝန်၊ ဆရာမများမှတစ်ဆင့် ကာယကံရှင်မိသားစုများသို့ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၁၀၃)**

မုံရွာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ သွေးလွန်တုပ်ကွေးကာကွယ်ရေး ဟောပြော

မုံရွာ ဩဂုတ် ၅

မုံရွာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီက မုံရွာမြို့နယ် မအူကျေးရွာအုပ်စု မအူကျေးရွာ ဖုးမစဲဘုရားဝင်း အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မုံရွာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ချိုချိုအေးက အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာ သန့်မွန်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်မာလာက အမျိုးသမီးများ၏ ဘဝလုံခြုံရေးအတွက် ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ၊ ပြစ်မှုဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒုတိယမြို့နယ်တရားသူကြီး ဒေါ်မြတ်သီတာအောင်က ဆေးလိပ် မသောက်သုံးရေးနှင့် ဆေးရွက်ကြီး ဥပဒေ အကြောင်းကိုလည်းကောင်း ပညာပေး ဟောပြော ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စီမံကိန်းတာဝန်ပေးအပ်ပွဲ လောင်းလုံ၌ကျင်းပ

လောင်းလုံ ဇူလိုင် ၂၇

လောင်းလုံမြို့နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ၊ စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက် နံနက် ၉နာရီက လောင်းလုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဗထူးခန်းမ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးညွှန့်က အမှာစကားပြောကြားပြီး လောင်းလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးဉာဏ်စိုးက ၂၀၀၆-၂၀၀၇ခုနှစ် စီမံကိန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် ၂၀၀၇-၂၀၀၈ခု နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တာဝန်ပေးအပ်

ထို့နောက် လောင်းလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိန်လှက တာဝန်ရှိသူများအား စီမံကိန်းတာဝန်များ ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အာဟာရပြည့်တင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး သီပေါမြို့နယ်၌ ဆင့်ပွားသင်တန်းဖွင့်

သီပေါ ဩဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော လူထုပူးပေါင်းဆောင်ရွက်သည့် အာဟာရဖြည့်တင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁ရက် နံနက် ၉နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကျင်မြက အာဟာရဖြည့်တင်းရေးလုပ်ငန်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်မှန်းချက်ကိုပြောကြားပြီး အသင်းအတွင်းရေးမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ရီရီထွေးက လူထုပူးပေါင်းဆောင်ရွက်သည့် အာဟာရဖြည့်တင်းရေးလုပ်ငန်းများအကြောင်းကို ဟောပြောသည်။

လက်တွေ့ပြသ

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြ ဦးဆောင်၍ တန်ဖိုးနည်းအာဟာရချက်ပြုတ်နည်းကို သင်တန်းသူများက လက်တွေ့ချက်ပြုတ်ပြသကြသည်။ **(၁၀၆)**

စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် တူးဖော်ဆောင်ရွက်ပေးခဲ့သော စိုက်ကွင်းကျေးရွာ စက်ရေတွင်းကို ဇူလိုင် ၆ ရက်က အမှုဆောင်အရာရှိ ဦးတင်အောင် သန်း နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးထွန်းလှအောင်တို့ ကွင်းဆင်း၍ အင်ဂျင်နှင့်လေမှုတ်စက်များ ကြံ့ခိုင်မှု၊ လက်တွေ့ ပြုပြင်ပြသမှုနှင့် စက်ရေတွင်းပုံမှန်လည်ပတ် သုံးစွဲနိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဧရာဝတီတိုင်းအတွင်း ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများကြည့်ရှု တာတမံများကြံ့ခိုင်ရေး နေ့ညမပြတ်စစ်ဆေးကြပ်မတ် ဂရုစိုက်ဆောင်ရွက်ရန်မှာကြား

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဟင်္သာတမြို့နယ်ရှိ ဧရာဝတီမြစ် ရေကာတာများ၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၉ရက်တွင် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်ထိန်းသိမ်းထားရှိမှု၊ ဧရာဝတီမြစ်ရေစီးဆင်းမှု၊ ပန်းတနော်ဘက်မြစ်ကမ်းပါး ကမ်းပြိုကမ်းစား ကာကွယ်ထားရှိမှုနှင့် ရေစီးလမ်းကြောင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစောအောင်လွင်က တံတား၏အထက်ဘက်မှ ရေကာပြုလုပ်၍ ရေလမ်းကြောင်းကို မြစ်အရှေ့ဘက် သောင်ကမ်းဘက်သို့ ရေစီးလမ်းကြောင်း ပြောင်းလဲနိုင်အောင် ဆောင်ရွက်ထားရှိမှု၊ ရေလယ်တိုင် P-17 အနီး မြစ်ကမ်းပါးအား ကမ်းပြိုမှုမှ ကာကွယ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် ငပုတော–ဇလွန်–ဟင်္သာတ ကားလမ်းဘေး ဝဲယာတစ်လျှောက်ရှိ ခြံစည်းရိုးကြက်ဆူပင် ရှင်သန်ဖြစ်ထွန်းမှု အခြေအနေများနှင့် ကျေးရွာများ၏ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဇလွန်မြို့ ဆန်တန်းရပ်ကွက်ရှိ ရေကင်း အမှတ် (၂) စခန်းသို့ရောက်ရှိ၍ ဧရာဝတီမြစ်ရေစီးဆင်းမှုနှင့် တာတမံများ ကြံ့ခိုင်ထိန်းသိမ်းထားရှိမှု၊ *စာမျက်နှာ ၈ ကော်လံ ၁* ■

ဩဂုတ် ၁၁ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း အလေးမပြိုင်ပွဲများကို အင်းစိန်မြို့နယ် လျှော်ရွှေးလျှော်ထုတ်စက်ရုံ အားကစားခန်းမတွင် ကျင်းပစဉ်။
(သတင်းအကျယ် စာ–၁၂) (မြန်မာ့အလင်း)

ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ရောက်

နေပြည်တော် ဩဂုတ် ၁၁

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မင်းဘူးမြို့တွင် စင်တီမီတာ ၁၇၇၀၊ မကွေးမြို့တွင် ၁၇၆၄ စင်တီမီတာနှင့် ဟင်္သာတမြို့တွင် ၁၄၅၄ စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်၌ မင်းဘူးမြို့တွင် စင်တီမီတာ ၇၀၊ မကွေးမြို့တွင် ၆၄ စင်တီမီတာနှင့် ဟင်္သာတမြို့တွင် ၁၁၂ စင်တီမီတာ ကျော်လွန်နေကြသည်။

အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂နာရီအတွင်း မင်းဘူးမြို့နှင့် မကွေးမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၇၀၀နှင့် ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မိုးရာသီ၌ ကလေးငယ်များကျန်းမာရေး ကြိုတင်ကာကွယ်စောင့်ရှောက်ပေး

တွေ့ဆုံမေးမြန်းသူ–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၁

နွေ၊ မိုး၊ ဆောင်းသုံးရာသီအနက် မိုးရာသီတွင် လူတို့ကျန်းမာရေး ပိုပြီးချို့ယွင်းတတ်ကြသည်။ ထိုသို့ ကျန်းမာရေးချို့ယွင်းပြီး ရောဂါဘယထူပြောရာတွင် လူငယ်၊ လူရွယ်၊ လူကြီးများထက် ကလေးငယ်များ၌ ရောဂါပိုမို ဖြစ်ပွားတတ်ကြသည်။

တွေ့ဆုံမေးမြန်း

ထို့ကြောင့် ကလေးငယ်များ မိုးရာသီတွင် အဖြစ်များသောရောဂါများနှင့် ကာကွယ်ရမည့်အချက်များကို မကွေးတိုင်း ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

သွေးလွန်တုပ်ကွေး

နွေ၊ မိုး၊ ဆောင်း သုံးရာသီအနက် မိုးရာသီတွင် ကလေးငယ်များ အဖြစ်များသော ရောဂါများနှင့်ပတ်သက်၍ မေးမြန်းရာ ဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်က "မိုးရာသီမှာ ကလေးတွေအဖြစ်များတဲ့ ရောဂါတွေကတော့ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းလျှော ဝမ်းပျက်ရောဂါနဲ့ ဝဲပေါက်တဲ့ရောဂါတွေပဲ ဖြစ်ပါတယ်။ ဒါ့အပြင် အအေးမိပြီး ဖျားတဲ့ ရောဂါတွေလဲ အဖြစ်များတတ်ကြပါတယ်"ဟု ဖြေကြားသည်။

စာမျက်နှာ ၉ ကော်လံ ၄ ✻

"မိုးရာသီမှာ အဖြစ်များတဲ့ ရောဂါတွေ မဖြစ်ပွားအောင် ကလေးငယ်တွေကို မိဘတွေ ပိုမိုဂရုစိုက်သင့်ပါတယ်။"

ဒေါက်တာရဲမြင့်ကျော်
ကလေးအထူးကုဆရာဝန်ကြီး
မကွေးတိုင်းပြည်သူ့ဆေးရုံ

NLD ပါတီ၏ လုပ်ရပ်များကို ထောက်ခံမှုမရှိ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့ လပွတ္တာမြို့နယ်မှ ပါတီဝင် ၆၄ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၁

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးထွန်းထွန်း၊ ဦးမြင့်အေး၊ ဦးသန်းထွန်း၊ ဦးဌေးဝင်း၊ ဦးမြင့်ထွန်းနှင့် ဦးကျော်အေးတို့အပါအဝင် ပါတီဝင် ၆၄ ဦးတို့သည် ဇူလိုင် ၂၇ ရက်တွင် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့အနေဖြင့် NLD ပါတီ၏ လုပ်ရပ်များကို ထောက်ခံလိုခြင်း မရှိတော့ကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၁၂–၈–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် မိုးအသင့်အတင့် ရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။

12-8 (20) 1 8/12/07, 2:20 AM